သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားပြီး အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်လုပ်ငန်းစစ်ဆေး မြို့တော်နေပြည်သူများ စိတ်ချမ်းမြေ့စွာအပန်းဖြေနိုင်ရေး အဆင့်မြှင့်ဆောင်ရွက် ကန်တော်ကြီးဥယျာဉ်ကို သဘာဝအလှနှင့်ပန်းတင့်မှုရှိရေး စနစ်တကျတည်ဆောက်ရန်မှာကြား

ရန်ကုန် မတ် ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Forest Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်၌ကျင်းပသည့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

(၅၉) နှစ်မြောက် တပ်မတော်နေ့ ဓာတ်ပုံပြိုင်ပွဲ၌ ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်ခေါင်းစဉ်ဖြင့် တတိယဆုရရှိသော ရွှေအင်းသား ခင်မောင်ဝင်း ရိုက်ကူးသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီး သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဓာတ်ပုံပြိုင်ပွဲ တတိယဆုရ မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီး သံလွင်တံတား(မော်လမြိုင်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၁၀ ရက်)

လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီးမှုများကို အခြေခံ စီးပွားရေးလုပ်ငန်းများ အမြဲတိုးတက်အောင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် မဖွံ့ဖြိုး မတိုးတက်သေးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရမည် ဆိုသည့် မူဝါဒချမှတ်ပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၁၉၈၉ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ အစပိုင်း၌ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် တိုင်းရင်းသား အဖွဲ့အစည်းများ၏ ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မျှော်မှန်းသည်ထက် အောင်မြင်တိုးတက်မှုများ ပိုမိုရရှိခဲ့သည်။

အဆိုပါ အောင်မြင်မှုများအပေါ်အခြေခံပြီး နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသအစွန်အဖျား ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည့် ၁၉၈၉ခုနှစ်မှ ၂၀၀၃ခုနှစ်ကုန်အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅သန်း သုံးစွဲခဲ့ပြီးဖြစ်သည်။

သာဓကအားဖြင့် နယ်စပ်ဒေသ မြို့တစ်မြို့ဖြစ်သော ကော့သောင်းမြို့သည် ၁၉၆၂ခုနှစ်ခန့်က အိမ်ခြေ သုံးလေးရာခန့်သာ ရှိခဲ့သော်လည်း ယခုအခါ ခရိုင်မြို့ကြီးအဆင့်သို့ ပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်သည်။ ခရိုင်မြို့ကြီးနှင့် လျော်ညီသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းထူထောင်အားပေးခဲ့ရာ ကော့သောင်းမြို့သည် မြို့ကြီးပြကြီးကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်သည်။

ကော့သောင်းကဲ့သို့ပင် နယ်စပ်ဒေသမြို့များဖြစ်သည့် တာချီလိတ်၊ မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ မိုင်းလား၊ တမူးစသည့်မြို့များသည်လည်း အချိန်တိုကာလအတွင်း သိသာစွာပြောင်းလဲတိုးတက်လာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၅ရက်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ တနင်္သာရီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကော့သောင်းခရိုင်နှင့် ကော့သောင်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"နယ်မြေဒေသတစ်ခု၌ ဒေသတွင်း ဖူလုံမှုရှိပြီး စီးပွားရေး တိုးတက်မှုအမြဲရှိနေမှသာ ယင်းဒေသသည် အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတိုင်း ယင်းအချက် နှစ်ချက်ပြည့်စုံအောင် ကြိုးစားတည်ဆောက်ကြရမှာဖြစ်ကြောင်း၊ ယင်းသို့ ကြိုးစားတည်ဆောက်ရာ၌ တာဝန်ရှိသူအဆင့်ဆင့်သည် မိမိတို့ တာဝန်ယူရသည့် နယ်မြေဒေသအလိုက် စီးပွားရေးတိုးတက်မှုရှိမရှိ၊ ရပ်ရွာဒေသ အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုရှိမရှိ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးအခြေအနေများ တိုးတက်မှု ရှိမရှိ အချိန်မှန် စိစစ်လေ့လာသုံးသပ်၍ တင်းပြည့်ကျပ်ပြည့် တိုးတက်ဖွံ့ဖြိုးသည့် နယ်မြေများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း"

မှာကြားသည်။

နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုဖြင့် နိုင်ငံတော်၏ကိုယ်စား သက်ဆိုင်ရာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက် အလုပ်လုပ်ကြပြီး ဒေသခံပြည်သူများကလည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကိုင်ဆောင်ရွက်ရာ၌ အခြေခံအားဖြင့် စားဝတ်နေရေးအတွက် အခြားဒေသများကို မှီခိုအားထားမနေရဘဲ ဒေသအတွင်း ဖူလုံမှုရှိရန်နှင့် စီးပွားရေးဖွံ့ဖြိုးနေရန် လိုအပ်သည်။

ကော့သောင်းခရိုင်၌ စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးများ ပြောင်းလဲ၍ စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံအောင် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်သည်။

အလားတူ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီးဆောင်ရွက်မှုများကို အခြေခံ၍ ဒေသ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော ငါး၊ ပုစွန်လုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာအပါအဝင် နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးစေရန် ထိထိရောက်ရောက် လုပ်ကိုင်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ မိန့်မှာချက်နှင့်အညီ မိမိဒေသအလိုက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ဖွံ့ဖြိုးနေသည့် ဒေသဖြစ်စေရန် ဝန်ထမ်းများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးက လူ၏အားထုတ်မှု၊ ပြုပြင်ဖန်တီးမှုများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ်လုပ်ငန်းများဆောင်ရွက်ရာတွင် လျင်မြန်တိကျရေး ကွန်ပျူတာ on Line ကွန်ရက်စနစ်တပ်ဆင်အသုံးပြုနိုင်ရန်ဆောင်ရွက်

ရန်ကုန် မတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ ညနေပိုင်းက ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းညိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ်လေးဘဏ်တို့နှင့် အဆက်အသွယ်ဘဏ်များသို့ ငွေပေးငွေယူကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကွန်ပျူတာ on Lineကွန်ရက်စနစ်ဖြင့် ဆက်သွယ် ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ ကွန်ပျူတာ on Line ကွန်ရက်စနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဝန်ထမ်းများအနေဖြင့်လည်း ယခုကဲ့သို့ ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်လေ့လာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လက်တွေ့တပ်ဆင်အသုံးပြုလျက်ရှိသော ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ကေသီက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းနီးမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၉

ပဲခူးတိုင်း ပဲခူးမြို့နယ် ကမ်းနီးကျေးရွာအုပ်စု ကမ်းနီးမင်းကျောင်း ဆရာတော်ဦးသုဇာတကို ဦးထိပ်ထား၍ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၆၇)၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက်တရားစခန်းပွဲကို တပေါင်းလပြည့်ကျော် ၁၀ ရက်မှ တန်ခူးလဆန်း ၂ ရက် (မတ် ၁၅ ရက်မှ ၂၂ ရက်အထိ) ကျင်းပပြီး တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သာသနာပြု နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ကောဝိဒ (မိုးကုတ်)အရှင်မြတ်နှင့် သွေးဆေးကန်အရှင်နန္ဒာစရိယတို့က ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၉

အထက(၁)ဒဂုံ ကျောင်းသားကျောင်းသူဟောင်းများ၏ ၁၉၇၅ ခုနှစ်မှ ယနေ့အထိ သင်ကြားပေးခဲ့သော အသက်(၅၀)နှင့်အထက် လုပ်သက် ၁၀ နှစ်ပြည့် ဆရာ ဆရာမများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း၏ ဒဂုံသီရိ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ပညာသင်နှစ် အသီးသီးတွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းအားလုံး တက်ရောက်ပူဇော်ကြရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူများသည် မင်းတလဉာဏ်–မထွေးထွေးကြည် (ဖုန်း–၂၀၀၃၅၉)၊ ဥက္ကာထွန်း–မချိုလေးလွင် (ဖုန်း–၂၄၀၄၈၃) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်တွင်းလေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်မှာကြား

ရန်ကုန် မတ် ၉

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေဖြင့် လက်ရှိပျံသန်းပြေးဆွဲလျက်ရှိသော လေကြောင်းခရီးစဉ်များအပြင် မတ် ၁၅ ရက်မှစတင်၍ အသစ်ထပ်မံပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ် ပျံသန်းပြေးဆွဲရေးနှင့် အဆိုပါလေကြောင်းခရီးစဉ်သစ် ပျံသန်းပြေးဆွဲပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိမည့် ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဥက္ကဋ္ဌ ဦးမောင်မောင်အုံးက ရန်ကုန်-နယူးဒေလီ-ရန်ကုန် လေကြောင်းခရီးစဉ်သစ် ပျံသန်းပြေးဆွဲမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

အဆင်ပြေစွာ

ထို့နောက်အစည်းအဝေးတက်ရောက်လာသည့် ပုဂ္ဂိုလ်များက တစ်ထောက်နား ခရီးသည်များအတွက် အဆင်ပြေချောမွေ့စွာ လေယာဉ်စောင့်ဆိုင်းနားနေနိုင်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ဌာနအသီးသီးမှ ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို အကျယ်တဝင့်ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သော မြန်မာ့လေကြောင်း၊ အဲမန္တလေးနှင့် ရန်ကုန်အဲဝေးစ် လေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ပျံသန်းပြေးဆွဲမှု

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဖက်စပ်လေကြောင်းလိုင်းများ၏ သမိုင်းကြောင်းနှင့် လက်ရှိပျံသန်းပြေးဆွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရန်ကုန်အဲဝေးစ်ဥက္ကဋ္ဌ ဦးတင်လှိုင်မိုက လေကြောင်းလိုင်း လက်ရှိပျံသန်းပြေးဆွဲမှု အခြေအနေနှင့် ဆက်လက်ပြုပြင်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် လေကြောင်းလိုင်းတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကိုမှာကြားသည်။ **(သတင်းစဉ်)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အရိယာမဂ္ဂင်ကျောင်းတိုက် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယက မဟာသင်္ကြန်ရက်များအတွင်းဗုဒ္ဓအမွေအနှစ်တရားတော်များကို ညစဉ် ဟောကြားတော်မူမည်ဖြစ်သည်။ ကျောင်းတိုက်ဝင်းအတွင်း တည်ထားလျက်ရှိသော နွားလည်ဘို့ပုံတူစေတီ၊ ဆန္ဒအောင်စေတီတို့၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆရာတော်ကြီးအား (၂၆) ကြိမ်မြောက် သိက္ခာထပ်ခြင်း၊ ရဟန်းခံရှင်ပြုအလှူနှင့် ဧပြီ၁၀ရက်တွင် တရားစခန်းဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ၊ ရဟန်းခံရှင်ပြုလိုသူများသည် ကျောင်းတိုက်အကျိုးဆောင်များ ဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးရဲဒင်၊ ဦးမင်းစိုးမင်းသူတို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၈)ကို ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ဓာတ်ပုံ)**

ရွှန်းမြအောင်၊ မြင်းမူမောင်နိုင်မိုး၊ အောင်လှထွန်း(ရွှေတိုင်)၊ မျိုးမြင့်လွင်၊ နေမျိုးသန့်၊ ကောင်းညွန့်ဝေ(ရေစကြို)၊ အောင်သာဆန်း(သံတွဲ)၊ မင်းပြား မောင်ယုနွယ်၊ စိုင်းပီတိ(ပန်ဆန်း)၊ မောင်လဲ့ခိုင်(ပျဉ်းမနား)၊ ညောင်ရွှေ ခင်မောင်မြ၊ ပံသု(မအူပင်)၊ မောင်တင့်လွင်(ပေါက်) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ယုဝတီခင်ဦး၊ ဒေါက်တာမတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ တက္ကသိုလ်သခ်၊ ပခုက္ကူဦးအုံးဖေ၊ ကထိကရဟန်း၊ တက္ကသိုလ်ခင်မောင်ဇော်၊ မောင်မြင့်မိုရ်(ဧရာဝတီ)၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်သာဆင့်၊ ရွှေဘိုဘာမထီခင်အောင်၊ တက္ကသိုလ်စိုးယဉ်၊ ရည်ဦး၊ လေးဝတီကျော်၊ မောင်နွယ်သန်း၊ ယမုံသက်လယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကို(တက္ကသိုလ်)၊ ချစ်စံဝင်း၊ ချမ်းမြအောင်၊ မမ(တရားရေး)၊ ယဉ်မွေးပန်း(ဟဲဟိုး)၊ ခင်မေသိန်း(ပျော်ဘွယ်)၊ သက်သက်သင်း(ပညာရေး)၊ မောင်မြင့်ထူးတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်းကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊မြင့်မိုရ် (၂)၊ စာပေလောက-၅၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မိလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကျောက်တန်းမြို့ သန်းဝင်းရှိန်စာပေ၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံတွင် မတ် ၁၀ရက်မှ ၁၅ရက်အထိ ကျင်းပမည့် Preview in Daegu International Textile Fair သို့ သွားရောက်လေ့လာရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကိုရီးယားအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေးရန် ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါ မြန်မာအမျိုးသမီးအဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်ရန် မတ် ၉ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအကြံပေးပါမောက္ခ(ငြိမ်း) ဒေါ်ရီရီမြင့်နှင့် ဒေါ်စိန်စိန်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ ဒေါ်နုနုရီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

အမျိုးသမီးရေးရာကဏ္ဍဟောပြော

ရန်ကုန် မတ် ၉

ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မှော်ဘီမြို့နယ် တပ်နယ်မှူး၏ဇနီး၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သိန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ် အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး စည်းရုံးရေးခေါင်းဆောင် ဒေါ်တင်တင်၊ ပြန်လည်ထူထောင်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဆွေရည်မြင့်၊ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်သန်းသန်းနွဲ့၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးမာ၊ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်အေးတို့က ဟောပြောဆွေးနွေးကြသည်။

(က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ် (၃၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညိုက သူငယ်တန်းမှစတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက်ဆုရရှိသော မနှင်းသဇင်ကျော်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာလှည့်ခရီးသည်များအပျော်စီးသင်္ဘောဖြင့်ရောက်ရှိ

ရန်ကုန် မတ် ၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Diethelm Travel Ltd., Myanmar ၏စီစဉ်မှုတို့ဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၇၀ တို့သည် M.S Europa အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ယနေ့နံနက် ၆ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်လာရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်မောင်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**(သတင်းစဉ်)**

မတ် ၇ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံတွင် လိုအပ်သည့်နေရာ၌ အသုံးပြုရန်အတွက် အလှူငွေကျပ် ခုနစ်သောင်းကို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးနှင့်အဖွဲ့က ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆေးရုံ အထက်တန်းသူနာပြုဆရာမ ဒေါ်နန်းမေမေရီက လက်ခံရယူစဉ်။ (က-ပ)

မီးဘေးအန္တရာယ် အခဲ့သတိပြု ကာကွယ်

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

မိုဆူးလ်မြို့လယ်ရှိ ရဲစခန်းကို ခုခံရေးသမားများတိုက်ခိုက် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံး

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ် မတ် ၈

အီရတ်နိုင်ငံ မိုဆူးလ်မြို့၏ မြို့လယ်ကောင်တွင်ရှိသော ရဲစခန်းတစ်ခုကို ခုခံတိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာတစ်ခုဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲအဖွဲ့ပြောခွင့်ရှိသူ အဗ္ဗဒယ်အာဇယ်လ်ဟာ့ဖ်ဖူဒီက ပြောကြားသည်။

ထိုသို့ပစ်ခတ်မှုကြောင့် အီရတ်ရဲအဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ရာ အရပ်သားတစ်ဦး သေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရကြောင်း ရဲနှင့်ဆေးဘက် သတင်းရပ်ကွက်များက ပြောကြားသည်။

သေဆုံး

အပြန်အလှန်တိုက်ပွဲဖြစ်စဉ် ဖြတ်သွားသော ကားတစ်စီးအတွင်းရှိ အရပ်သားတစ်ဦးသေဆုံးပြီးနောက်၊ ကားတစ်စီးမှအရပ်သားတစ်ဦး ဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဟု ဟာ့ဖ်ဖူဒီက ပြောကြားသည်။ သေဆုံးသွားသော အီရတ်အရပ်သားသည် ဦးခေါင်းနှင့် ပခုံးတွင် ကျည်ဆန်များ ထိမှန်ခံခဲ့ရကြောင်း မိုဆူးလ်ဆေးရုံမှ ဆရာဝန် အာမက် အဗ္ဗဒူလာရာဂျက်က ပြောကြားပြီး ယာဇင်ဘာဘီဆိုသော ဆရာဝန်က ဒဏ်ရာရသူ အီရတ်အရပ်သားသည် လက်ကိုကျည်ဆန်ထိမှန်ခံရကြောင်း၊ အခြေအနေကောင်းကြောင်းပြောသည်။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက် မြောက်ဘက် မိုင် ၂၃၀ အကွာ၌ရှိပြီး ပုံမှန်တိုက်ခိုက်ခံရသော မြို့ဖြစ်သည်။

ဖမ်းဆီး

ထိုအတောအတွင်းတိကရစ်မြို့မှ အီရန်နယ်စပ်အတွင်း ဘဂ္ဂဒက်မြောက်ဘက်ဒေသတွင်အမေရိကန်တပ်များက မသင်္ကာဟုဆိုကာ လူ ၂၇ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **(အင်တာနက်)**

ကန်တပ်များ၏ လုံခြုံရေးအပြည့်အဝစီမံမပေးခဲ့ ဒီမိုကရက်သမ္မတလောင်း ကယ်ရီကဘုရှ်ကိုစွပ်စွဲ

ဝါရှင်တန် မတ် ၇

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်ဂျွန်ကယ်ရီတို့သည် အီရတ်ကိစ္စကို မျက်နှာချင်းဆိုင်စကားစစ်ထိုးကြရာတွင် အီရတ်တွင် ဒီမိုကရေစီ လမ်းကြောင်းအတိုင်းသွားရန် ဘုရှ်က သန္နိဋ္ဌာန်ချထားကြောင်း ပြောဆိုခဲ့ပြီးဂျွန်ကယ်ရီက ဘုရှ်သည်အီရတ်ရှိ အမေရိကန်တပ်များ လုံခြုံရေးအပြည့်အဝ စီမံမပေးခဲ့ကြောင်း စွပ်စွဲလိုက်သည်။

စွပ်စွဲ

အမေရိကန်နှင့် မက္ကဆီကို နှစ်နိုင်ငံ ဆက်ဆံရေးနှစ်နှစ်နီးပါး တင်းမာခဲ့ကြပြီးနောက် ယခုသီတင်းပတ်ကုန်၌ ဘုရှ်သည် သူ၏ခြံထဲသို့ မက္ကဆီကိုသမ္မတ ဗီစင်တီဖောက်စ်ကို ဖိတ်ကြားခဲ့ကြောင်း၊ ဘုရှ်သည် တောင်အမေရိကတိုက်သားများ(လာတီနို)၏ မဲများရရှိရေးအတွက် မျက်နှာချိုသွေးရန်သာ သူ၏ခြံထဲသို့ ဖောက်စ်ကို ဖိတ်ခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

ပစ်ပယ်

ထို့ပြင် ကယ်ရီသည် ဘုရှ်အား အီရတ်ရှိအမေရိကန် တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို ပစ်ပယ်ပြီး နောက်ထပ် တပ်ဖွဲ့ဝင်သစ် ၄၀၀၀၀ကို စုဆောင်းရန် တိုက်တွန်းခဲ့ကြောင်းလည်း စွပ်စွဲ ပြောဆိုခဲ့သည်။

အသုံးပြုမည်

အကယ်၍သာ မိမိသမ္မတဖြစ်လာလျှင် မိမိတို့၏ လုံခြုံရေးကို ကာကွယ်ရန် မိမိတို့၏ပြည်သူများနှင့်မိမိတို့၏အရေးကြီးသောအကျိုးစီးပွားများကိုကာကွယ်ရန် အတွက် စစ်တပ်အဖွဲ့အစည်းကို အသုံးပြုမည်ဖြစ်ကြောင်း သို့သော်လည်း တိုက်ခိုက်ရေး စွမ်းအားနှင့် အထောက်အပံ့ အလုံအလောက်မရှိဘဲ မိမိတို့၏ တပ်ဖွဲ့ဝင်များကို ထိခိုက်ဘေးတွေ့စေမည့် လမ်းကြောင်းထဲသို့ တွန်းပို့ပေးမည် မဟုတ်ကြောင်း ကယ်ရီက ဒီမိုကရက် တစ်ရေဒီယိုမှနေ၍ စွပ်စွဲ ပြောဆိုသည်။

မလုံလောက်

၎င်းကဘုရှ်သည် တပ်ဖွဲ့ဝင်များကိုကျည်ကာအင်္ကျီ မလုံမလောက်ဖြင့် သံချပ်ကာမဟုတ်သော ဟမ်းဗီးယာဉ်များနှင့်အတူ အီရတ်သို့လွှတ်ခဲ့ကြောင်း ကယ်ရီကဘုရှ်ကို ပြောကြားသည်။ **(အင်တာနက်)**

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၅၅၂ဦးရှိပြီ

ဝါရှင်တန် မတ် ၈

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးစတင်ခဲ့သည်မှ မတ် ၈ ရက် တနင်္လာနေ့ထိ အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၅၅၂ဦးရှိပြီး ၃၇၉ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံး၍၁၇၃ဦးမှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲသေဆုံးသည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။

မေ ၁ရက်၌ စစ်ပွဲပြီးကြောင်းသမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၄၁၄ ဦးဖြစ်ပြီး ယင်းအနက် ၂၆၄ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးပြီး ၁၅၀မှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ သေဆုံးသည်ဟု အမေရိကန်စစ်တပ် သတင်းထုတ်ပြန်ချက်အရ သိရသည်။ စစ်ဆင်ရေးစတင်ခဲ့ချိန်မှစပြီး တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သော ဦးရေမှာ၂၇၄၄ဦးဖြစ်ပြီး ယင်းအနက် ၄၂၃ဦးမှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲဒဏ်ရာရသူများဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ ဦး၊အီတလီ ၁၇ ဦး၊စပိန်ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်း၊အက်စ်တိုးနီးယားနှင့် ပိုလန်တစ်ဦးစီ သေဆုံးသည်ဟု သိရသည်။ (အင်တာနက်)

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တို့ သတ်မှတ်ထားသောအစိမ်းရောင်ဒေသအတွင်း ပြောက်ကျားများက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ ဒုံးကျည်ခွံများနှင့် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ယောကျ်ား ၁၀၀၀၀ကျော်ကို ကန်တို့ဖမ်းဆီးထား ယောကျ်ားများမရှိ၍ မိန်းမများသာအလုပ်လုပ်နေကြရ

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းပါသိမ်းပိုက်ရေးတပ်များက ဖမ်းဆီးအကျဉ်းချထားခြင်းခံရသော အီရတ်ယောကျ်ား ၁၀၀၀၀ကျော်ရှိရာ အသက်ငယ်ဆုံးဖမ်းဆီးခြင်းခံရသူမှာ အသက် ၁၁နှစ်ရှိယောကျ်ားလေးဖြစ်သည်ဟု သိရသည်။ ယခုအခါဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အဘူဆီဖာကျေးရွာတွင် ယောကျ်ားသားဟူ၍ လုံးဝမရှိတော့ဟုဆိုသည်။ ထိုကျေးရွာတွင် အသက်၇၅နှစ်ရှိအဘိုးအိုများပင်ဖမ်းဆီးထိန်းသိမ်းရေစခန်းများသို့ အပို့ခံနေကြရသည်ဟုဆိုသည်။

ယင်းအဘူဆီဖာကျေးရွာ၌မိန်းမများကသာ လယ်စိုက်ကြရသည်။ ကလေးထိန်းကြရသည်။ အိမ်များကို အစောင့်အကြပ်ပြုလုပ်ကြရသည်။ လေးလံသော ကျွဲကောသီးတောင်းများကို ဈေးသို့ပို့ကြရသည်။ သူတို့၏ ဆွေမျိုးသားချင်းများကို မည်သည့်နေရာ၌ ဖမ်းဆီးချုပ် နှောင်ထားသည်ဆိုသည်ကို သိသူအနည်းငယ်သာရှိသည်။

အီရတ်နိုင်ငံသည် ယခုအခါ ဂွမ်တာနာမိုအကြီးစားကြီးနှင့် တူလာနေကြောင်းမသင်္ကာသူရာပေါင်းများစွာကို စွဲချက်မရှိဘဲဖမ်းဆီးချုပ်နှောင်ထားသော ကျူးဘားရှိ အမေရိကန်စစ်အကျဉ်းထောင်ကို ရည်ညွှန်းလျက် အီရတ်ရှိ လူ့အခွင့်အရေးအဖွဲ့ ရှေ့နေတစ်ဦးဖြစ်သော အာဒီလ် အယ်လ်လာမီက ပြောကြားသည်။ အီရတ်၌ ဖမ်းဆီးချုပ်နှောင်ထားသူ အချို့ကို ရဟတ်ယာဉ်များအား ပစ်ချမှုနှင့် လမ်းဘေးဗုံးထောင်မှုတို့စသော စွပ်စွဲချက်များဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းကြောင့် အမေရိကန်စစ်တပ်အရာရှိအချို့က ပြောဆိုကြသည်။ ထိုသို့ဆိုသော်လည်း ဖမ်းထားသူအများစုမှာ အန္တရာယ်ရှိသူများမဟုတ်ကြောင်းကို လက်ခံထားကြပြီး မကြာသေးမီက စစ်ဘက်တရားသူများက ဆုံးဖြစ်ခဲ့သော အမှုများတွင် ဖမ်းဆီးထားသူ ၁၁၆၆ဦး အနက်မှ ၉၆၃ဦးကို လွှတ်ပေးရန် ထောက်ခံချက်ပေးထားသည်။

(အင်တာနက်)

အာဖရိက ပေါင်းစည်းညီညွတ်ရေး ကျူးဘားနိုင်ငံ ထောက်ခံ

ကမ်ပါလာ မတ် ၈

အာဖရိကတိုက်သည် ကျန်ကမ္ဘာ့နိုင်ငံများနှင့် ယှဉ်ပြိုင်မည်ဆိုလျှင် တလုံးတစည်းတည်းအဖြစ် အာဖရိကပေါင်းစည်းညီညွတ်ရေးကို မိမိနိုင်ငံက ထောက်ခံကြောင်း ကျူးဘားဒုတိယသမ္မတ လာဇိုဟာနန်ဒက်ဇ်က စနေနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ကြေညာ

ကျူးဘားဒုတိယသမ္မတက ယူဂန်ဒါ ဒုတိယသမ္မတ ဂီလ်ဘတ်ဘူကင်ယာနှင့် ကမ်ပါလာရှိ ပါလီမန်အဆောက်အအုံတွင်တွေ့ဆုံရာ၌ ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ယူဂန်ဒါရေဒီယိုက စနေနေ့တွင် ကြေညာသည်။ နှစ်နိုင်ငံအကြားဆက်ဆံရေး လွယ်ကူချောမွေ့စေရေးအတွက် ဟာဗာနားရှိ ၎င်း၏သံရုံးပြန်ဖွင့်ရေး စဉ်းစားရန် ယူဂန်ဒါအစိုးရအား ဟာနန်ဒက်ဇ်က မေတ္တာရပ်ခံခဲ့သည်။

ရောက်ရှိ

ဒုတိယသမ္မတခေါင်းဆောင်သော ကျူးဘားကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံပိုမို ပူးပေါင်းဆောင်ရွက်ရေးအတွက် လေ့လာရန် ယူဂန်ဒါတွင် သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တို့ကို ပြောက်ကျားတို့ ဆက်လက်တိုက်ခိုက် အီရတ်ပြည်သူများကလည်း ကန်တို့အား ဆန္ဒပြနေ ပစ်ခတ်မှုများကြောင့် အီရတ်တို့ အိုးအိမ်များပျက်စီး

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း ခရီးဆောင်မြင်ကွင်း

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် ဘေးကင်းရာသို့ ပြေးထွက်လာသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် ဒုံးကျည် ထိမှန်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရှင်းလင်းဖယ်ရှား

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ဖြင့် ပစ်ခတ်ခံရသဖြင့် ပျက်စီးသွားသောအိမ်မှ အပိုင်းအစများကို အီရတ်အမျိုးသမီး တစ်ဦး ရှင်းလင်းဖယ်ရှားနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရဲစခန်းတစ်ခုကို စိန်ပြောင်းများဖြင့် ပစ်ခတ် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၉

အီရတ် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ဘဂ္ဂဒက်ရှိ ရဲစခန်းတစ်ခုကို တနင်္လာနေ့၌ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက် ရဲစခန်းအား အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ တိုက်ခိုက်ချိန်သည် အီရတ်၏ကြားဖြတ်ဖွဲ့စည်းပုံဥပဒေကို လက်မှတ်ရေးထိုးသည့် အခမ်းအနားနှင့် တိုက်ဆိုင်နေသည်။

ထိမှန်

စိန်ပြောင်းကျည်တစ်ခုသည် အနီးရှိ အိမ်တစ်လုံးကို ထိမှန်ခဲ့ရာ ပြတင်းပေါက်မှန်များကွဲပြီး အိမ်၏နံရံတစ်ဘက်၌ အပေါက်ဖြစ်သွားခဲ့သည်။ သို့ရာတွင် ထိခိုက်သေဆုံးမှု မရှိပေ။

တပ်လှန့်

နောက်ထပ် ကျယ်လောင်သော ပေါက်ကွဲမှုတစ်ခုမှာ လက်မှတ်ရေးထိုးသည့် အခမ်းအနား အပြီး၌ အမေရိကန်စစ်တပ်က ထိန်းချုပ်ဖောက်ခွဲမှု ဖြစ်သည်။ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော ပြောက်ကျားတိုက်ခိုက်မှုများအတွက် လုံခြုံရေးတပ်များကို တပ်လှန့်ထားသည်။

တိုက်ခိုက်

အီရတ်နိုင်ငံတစ်ဝန်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အီရတ်ခုခံတိုက်ခိုက်ရေး သမားများက နည်းလမ်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်လျက်ရှိရာ သေဆုံးဒဏ်ရာရရှိမှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်။

သေဆုံး

မကြာမီရက်များက ဘဂ္ဂဒက်နှင့် ကာဘာလာမြို့များတွင် အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ခဲ့ရာ လူအမြောက်အများ သေဆုံးဒဏ်ရာရခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကင်းလှည့်

မတ် ၈ ရက်က ဘဂ္ဂဒက်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုံးကျည်များဖြင့် ဘဂ္ဂဒက်၌ပစ်ခတ်ပြီး မကြာမီ ကြီးမားကျယ်လောင်သော ပေါက်ကွဲမှုကြီး ထပ်မံဖြစ်ပွား

ဘဂ္ဂဒက် မတ် ၈

ဘဂ္ဂဒက်မြို့တွင် တနင်္ဂနွေနေ့ည သန်းခေါင်မတိုင်မီအချိန်၌ ကြီးမားကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခုကို ကြားရသော်လည်း ယင်းပေါက်ကွဲသံသည် ထိန်းချုပ်ဖောက်ခွဲမှုတစ်ခု ထပ်မံဖြစ်ပွားခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားသည်။

ထိန်းချုပ်ဖောက်ခွဲ

ယင်းသို့ အင်အားပြင်းထန်သော ပေါက်ကွဲမှုကြီးကြောင့် ဘဂ္ဂဒက်မြို့လယ်ရှိ အဆောက်အအုံများ တုန်ခါသွားခဲ့သည်။ ပေါက်ကွဲမှုမှာ ထိန်းချုပ်ဖောက်ခွဲမှုဖြစ်ကြောင်း၊ ပြောက်ကျားတိုက်ခိုက်မှုမဟုတ်ကြောင်း၊ အမေရိကန်စစ်တပ်က အတည်ပြုပြောဆိုသည်။ ယခုပေါက်ကွဲမှုကြီးသည် ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါအဖွဲ့များ၏ရုံးချုပ်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ငါးနာရီမရှိမီ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့လယ်၌ သတိပေးဥသြသံများထွက်ပေါ်လာပြီးနောက် တနင်္ဂနွေနေ့ အစောညနေပိုင်း၌ ပေါက်ကွဲမှုအချို့ဖြစ်ပွားခဲ့သည်။ အီရတ်ရဲအဖွဲ့က နောက်ပိုင်း၌ ဒုံးကျည် ၁၀ စင်းထက်မနည်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမရှိကြောင်း အတည်ပြုပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဟောင်ကောင်နှင့်မကာအို ဒေသဖွံ့ဖြိုးရေး တရုတ်ဗဟိုအစိုးရကူညီမည်

ပေကျင်း မတ် ၈

တစ်နိုင်ငံ စနစ်နှစ်မျိုး အခြေခံမူဝါဒ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် ဟောင်ကောင်နှင့် မကာအိုမှပြည်သူများနှင့် အစိုးရအဖွဲ့များကို တရုတ်နိုင်ငံ ဝန်ကြီးချုပ်ဝမ်ကျားပေါင်က တိုက်တွန်းခဲ့သည်။

အဆိုပါဒေသနှစ်ခု၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် တရုတ်နိုင်ငံဗဟိုအစိုးရက ထောက်ပံ့ကူညီမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။

ဟောင်ကောင်နှင့် မကာအိုဒေသမှ အုပ်ချုပ်ရေးမှူးနှစ်ဦးတို့နှင့် သီခြားစီ ယမန်နေ့က တွေ့ဆုံစဉ် ဝမ်ကျားပေါင်က ယခုလိုပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအုပ်ချုပ်ရေးမှူးနှစ်ဦးတို့သည် ယခုကျင်းပလျက်ရှိသော တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၌ ကိုယ်စားလှယ်များအဖြစ် တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိနေကြောင်းသိရသည်။

(စီစီတီဗွီ)

ယှဉ်ပြိုင်ကစား

မတ် ၇ ရက်က စပိန်လိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဘာစီလိုနာနှင့်မာလေကာ အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် ဘာစီလိုနာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ပြည်တွင်းစစ်ရောက်အောင်တွန်းမပို့ကြရန် အီရတ်ခေါင်းဆောင်များ တိုက်တွန်း

ဘဂ္ဂဒက် မတ် ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ကာဘာလာမြို့များတွင် ဗုံးခွဲ တိုက်ခိုက်မှုများကို ပြည်တွင်းစစ်အဖြစ်ရောက်အောင် တွန်းမပို့ကြရန် အီရတ်ခေါင်းဆောင်များက တိုက်တွန်းလိုက်ကြပြီး အေးဆေးငြိမ်သက်ကြရန်လည်း ယမန်နေ့က တိုက်တွန်းလိုက်ကြသည်။

ထိုသို့ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံ၏လုံခြုံရေးကို မဆောင်ရွက်နိုင်သည့်အတွက် အမေရိကန်ပြည်ထောင်စုအပေါ် အီရတ်တို့ဒေါသ အမျက်ထွက်ခဲ့ကြသည်။

တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ကာဘာလာ၌ လူ ၁၅ ဦးကို မသင်္ကာဟုဆိုကာ အမေရိကန်တပ်များက ယမန်နေ့တွင် ဖမ်းဆီးထားလိုက်သည်။ ရက်များစွာကြာမျှ အငြင်းအခုံဖြစ်ကြပြီးနောက် ယခုသီတင်းပတ်၌ သဘောတူခဲ့သော ကြားဖြတ်ဖွဲ့စည်းပုံဥပဒေ လက်မှတ်ရေးထိုးရေးကိစ္စကို အုပ်ချုပ်ရေးကောင်စီက မနက်ဖြန်အထိ ရွှေ့ဆိုင်းကြောင်း ကြေညာသည်။

ပိုဖြစ်လာနိုင်

အမေရိကန်တို့က အီရတ်တို့လက်သို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ပြင်ဆင်နေချိန်တွင် အကြမ်းဖက်မှုများ ပိုဖြစ်ပွားလာနိုင်စရာရှိသည်ဟု အီရတ်ဆိုင်ရာ ဗြိတိန်ထိပ်တန်းသံတမန် ဆာဂျယ်ရီမီဂရင်းစတော့က ပြောကြားသည်။

(အင်တာနက်)

အိုင်ဗရီကို့စ်နိုင်ငံ ကိုကိုးထုတ်လုပ်မှု ဝင်ငွေတိုးတက်ရရှိလာ

ယာမူဆူကရို မတ် ၈

အိုင်ဗရီကို့စ်နိုင်ငံတွင် လွန်ခဲ့သောနှစ် ၃၀ခန့်က ကိုကိုးထုတ်လုပ်မှုသည် ကမ္ဘာ့ဈေးကွက်၏ ၁ ရာခိုင်နှုန်းသာရှိသော်လည်း ယခုအခါ ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးသောကြောင့် ကမ္ဘာ့ဈေးကွက်တွင် ၄၀ ရာခိုင်နှုန်းထိ ပံ့ပိုးနိုင်ပြီဟုသိရသည်။

လွန်ခဲ့သော နှစ် ၃၀ခန့်က ကိုကာတစ်ပင်မှ အသီးသီးရန် ငါးနှစ်ခန့်စောင့်ရသော်လည်း ယခုအခါ နှစ်နှစ်ခွဲခန့်သာစောင့်ရကြောင်းနှင့် ကိုကာအရည်အသွေးသည်လည်း မြင့်တက်လာပြီး ကိုကာနှင့်ပြုလုပ်သော ထောပတ်သည် အနံ့အရသာကောင်းမွန်၍ လူကြိုက်များလာကြောင်း သိရသည်။ ယနေ့ခေတ်တွင် အရည်အသွေးမြင့် ကိုကာများ ပိုမိုထုတ်လုပ်နိုင်၍ ၎င်းကိုကာစေ့များသည် လျင်မြန်စွာစိုက်ပျိုးနိုင်ပြီး နှစ်နှစ်အကြာ၌ ခူးဆွတ်နိုင်မည်ဖြစ်သည်။ အိုင်ဗရီကို့စ်နိုင်ငံ၏ ပညာရှင်များသည် တခြားနိုင်ငံရှိ ပညာရှင်များနှင့်ပူးပေါင်းကာ ကိုကာအရည်အသွေးများ တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတွင် ကိုကာဟတ်တာ ၈ သန်း စိုက်ပျိုးထားသည်ဟုသိရသည် ၎င်းအပြင်စိုက်ပျိုးသည့်နယ်မြေဒေသအလိုက် ကိုကာအရည်အသွေးများကို ခွဲခြားကာ ဈေးနှုန်းသတ်မှတ်ရန် စီစဉ်ထားကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းများ အမှတ်(၁)ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လျှပ်စစ်ကျွမ်းကျင်မှု အထူးသင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ်စစ်ဆေးရေးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်အရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရေးကို ရည်စူး၍ ယခုကဲ့သို့ အထူးသင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းသားများအနေဖြင့် သင်တန်း၌ပို့ချသည့် ပညာရပ်များကို ဂရုပြုလေ့လာ မှတ်သားပြီး လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချသွားရေး မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ဖြစ်သည်။

ဝန်ကြီးသည် ဒုတိယဝန်ကြီးများနှင့်အတူ နံနက် ၈ နာရီတွင်မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် စက်ရုံမှူးတို့က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ဆပ်ပြာကုန်ကြမ်းနှင့် ဆီသန့်စက်ရုံစီမံကိန်းနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး ရေစင်စီမံကိန်းမြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုဇုန်အား ခေတ်ကျော်လွှား

အီလက်ထရွန်နစ်အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသင်တန်းများဖွင့်

ရန်ကုန် မတ် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်း(အချိန်ပိုင်း)နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဖွင့်လှစ်သော အင်တာနက်သင်တန်း၊ တယ်လီဖုန်း ကေဘယ်လ်စမ်းသပ်မှုသင်တန်း၊ အထွေထွေရေဒီယိုဆက်သွယ်မှုသင်တန်း၊ ဖက်စ်ကြေးနန်းစက် ပြုပြင်ရေးသင်တန်းနှင့် သင်ကြားမှုသင်ယူမှုစာတမ်းများ ပြုစုရေးသင်တန်းများ ဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force)၏ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူ ၆၉ဦးတို့တက်ရောက်ကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ယခုဖွင့်လှစ်သော အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်းမှာ အစိုးရဌာနအသီးသီးမှ အရာရှိကြီးများအတွက် အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ဌာနအသီးသီးမှ အရာရှိကြီး ၂၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်တန်းသား ၄၉ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာရာမပရိယတ္တိစာသင်တိုက် သင်္ကြန်တွင်း ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၁)ရပ်ကွက် မင်္ဂလာရာမပရိယတ္တိစာသင်တိုက်တွင် မြောက်ဥက္ကလာ ရွှေဥမင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ သင်္ကြန်တွင်း ၁၀ရက်တရားစခန်းကို ဧပြီ ၈ ရက်မှ ၁၇ရက်အထိဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဂုဏာစာရာလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူယောဂီများနှင့် ဒုလ္လဘရဟန်း ဝတ်လိုသူများအား ဧပြီ ၅ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို လှိုင်သာယာမြို့နယ် အမှတ်(၄၇) အခြေခံပညာမူလတန်းကျောင်း၌ မတ် ၈ ရက် နံနက် ၈ နာရီကကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ် ဝန်ထမ်းရေးရာနှင့် ထောက်ပံ့ဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူကြိုရင်သွေးငယ်များ ဘက်စုံစွမ်းရည်ပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၉

တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ (၁၂)ကြိမ်မြောက် မူကြိုရင်သွေးငယ်များ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲနှင့် ရင်သွေးငယ်များ စွမ်းရည်ပြဖျော်ဖြေပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံရှိ တပ်မတော် ဆေးရုံကြီး ရုပ်ရှင်ရုံခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နာယက တပ်မတော်ဆေးရုံကြီးတပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ တပ်မှူး၏ဇနီး ဒေါက်တာရီရီမြသန်းနှင့် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်တိုင်း ဦးစီးအရာရှိ ဦးဝင်းမောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မူကြိုကလေးငယ်များ၏ စွမ်းရည်ပြဖျော်ဖြေရေး အစီအစဉ်ကိုကျင်းပပြီး မူကြိုဆရာမများအား ဝတ်စုံဆုများကို ချီးမြှင့်သည်။ ယင်းနောက်မူကြိုရင်သွေးငယ်များအား ကာယ၊ဉာဏစွမ်းရည် ဆုများချီးမြှင့်ပြီး မူကြိုရင်သွေးငယ် အားလုံးအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

(သတင်းစဉ်)

ကျောက်တံတား မီးသတ်ဇုန်နယ်မြေမှူး ဦးလှမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ဒလမြို့နယ်ရှိ ဒလသင်္ဘောကျင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၉ ရက်က ဟောပြောသရုပ်ပြပြီး အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး ဦးထွန်းမြင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆွေလေးအောင်နှင့် တာဝန်ရှိသူများက အလုပ်ရုံနေရာအနှံ့ ရှင်းလင်းပြသစဉ်။ (က-ပ)

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၉

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ(B.Sc, Phy)သည် မတ် ၂၅ ရက်မှ ၃၁ရက် (တန်ခူးလဆန်း ၅ ရက်မှ ၁၁ရက်အထိ) ရေဝတီတိုင်း မြောင်းမြမြို့နယ် ကြာကန်မြို့သစ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ သင်္ကြန် ၁၀ရက်စခန်းပွဲ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာ၌ သင်္ကြန်တွင်း ၁၀ရက် အထူးတရားစခန်းပွဲကို ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ စခန်းပွဲတွင် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၊ ဘဒ္ဒန္တ စန္ဒာသီရိ (အဖွဲ့ချုပ်နာယက) တို့က ဟောကြားပြသမည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင် ၁၀၈ ပါးနှင့် တရားစခန်းဝင် ယောဂီ ၄၀၀ ကန့်သတ်ထားရာ စခန်းပွဲအတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း- ၅၄၇၀၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် မတ် ၉

ရထားရဲတပ်ဖွဲ့မှူးရုံး ရန်ကုန်တွင် မတ် ၃ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရထားတပ်ဖွဲ့ ၂၀၀၃ခုနှစ် ဒုတိယနှင့်တတိယလေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းတင်ပြရာ ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးဦးစီးအရာရှိ ၂၀၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၂၅ဦး၊ တပ်ခွဲမှူး၊ စခန်းမှူးများ၏ ဇနီး၂၀ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (က-ပ)

ဗဟန်းမြို့နယ် အမက (၁၉) ၂၀၀၂ - ၂၀၀၃ ခုနှစ် မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၆ ရက်က ကျင်းပရာကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင်က တတိယတန်းမှ ပထမဆုရ မောင်ပြည့်စုံအား ဆုချီးမြှင့်စဉ်။(က-ပ)

မတ် ၂ရက်က သဃ်္န်းကျွန်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၂)သို့ ဦးခင်မောင်ညွန့်နှင့် ဇနီး ဒေါ်မြဒေလီ၊ သား မောင်ကောင်းဆက်သွင်မိသားစု က ကျောင်းဘက်စုံပြုပြင်ရေးအတွက် တတိယအကြိမ်လှူဒါန်း ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်သန်းအေးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပညာရေးမြှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးကုသမှုကောင်းမွန်တည်ငြိမ်လျက်ရှိ

ရန်ကုန် မတ် ၉

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ မတ်၇ရက် နံနက်၉ နာရီခွဲက တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် လာရောက်ကြည့်ရှုအားပေးသည်။ ယင်းကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၌ ကျောက်ကပ်ဝေဒနာရှင် ဒေါ်စောမမအား အစ်ကိုဖြစ်သူ ဦးလှမြင့်က ကျောက်ကပ်ပေးလှူပြီး မတ်၈ရက်တွင် ကျောက်ကပ်ဝေဒနာရှင် ကိုဝင်းသူရလတ်အား ညီမဖြစ်သူ မဝင်းရှုပါလတ်က လည်းကောင်း၊ မတ် ၉ ရက်တွင် ကျောက်ကပ်ဝေဒနာရှင် ဒေါ်အေးအေးအား အစ်မဖြစ်သူ ဒေါ်နီနီကလည်းကောင်း ပေးလှူကြသည်။

ဝန်ကြီးသည် မတ်၇ရက် ကျောက်ကပ်ခွဲစိတ်ကုသမှုအပြီး ညနေပိုင်းတွင် ကျောက်ကပ်အလှူရှင် ဦးလှမြင့်အား ကြည့်ရှုအားပေးစကားပြောကြားပြီး မတ်၈ရက် နံနက်ပိုင်းတွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူပြီးသူ ဒေါ်စောမမ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအဖွဲ့ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးနှင့် ဆရာဝန်ကြီးများက လူနာ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်တည်ငြိမ်လျက်ရှိကြောင်းကို ရှင်းလင်းတင်ပြကြသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၏ တတိယအကြိမ်ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၊ ဆေးကုသမှုအဖွဲ့၌ပါမောက္ခဒေါက်တာပိုင်စိုးကဦးဆောင်၍မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှဒေါက်တာခင်မောင်ဌေး နှင့်အဖွဲ့ကလည်းကောင်း၊ ခွဲစိတ်ကုသမှုအဖွဲ့၌ ပါမောက္ခဒေါက်တာသန်းအေးက ဦးဆောင်၍ မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာစိုးလွန်းမောင်နှင့် ဒေါက်တာတိုးလွင်တို့အဖွဲ့ကလည်းကောင်း၊ မေ့ဆေးအဖွဲ့၌ ပါမောက္ခဒေါက်တာတင်မြင့်နှင့်အဖွဲ့ကလည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းရှိန်က ကြီးကြပ်ကွပ်ကဲသည်။

မတ် ၈ ရက်တွင် ပြုလုပ်သော ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူသူ ကိုဝင်းသူရလတ်နှင့် ကျောက်ကပ် အလှူရှင် မဝင်းရှုပါလတ်တို့၏ ကျန်းမာရေးအခြေအနေသည်လည်း တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေလီ အမက၊ အလက ပထမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၉

သံတွဲမြို့နယ် ပေလီ အမက၊ အလက ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ၂၅ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။ ဆရာကြီးဦးကျော်ရင်၊ ဆရာကြီးဦးဝင်းမြင့်၊ ဆရာမကြီးဒေါ်ခင်တင့်တို့နှင့်အတူ ပေလီ အမက၊ အလက တွဲဖက်အထကတို့၌ ၁၉၆၀ ပြည့်နှစ်မှ ၁၉၈၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အဝေးရောက်ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူဟောင်းများသည် ကိုတင်၊ ကိုမြင့်သိန်း အမေ့အိမ်စာပေ ၈၆ ပန်းဆိုးတန်း ရန်ကုန် ဖုန်း-၃၈၂၀၀၀၊ မညွန့်ညွန့်မေ ရန်ကုန် ဖုန်း-၅၂၅၃၉၄၊ ကိုအောင်နိုင်ဦး သံတွဲ ဖုန်း-၀၄၃-၄၂၇၆၆၊ မတင်မိုးလှိုင် ပေလီ ဖုန်း- ၀၄၃-၄၄၀၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရှုခင်းစုံညီမြန်မာပြည်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဆုရရှိသူများကြေညာ

ရန်ကုန် မတ် ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသည် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေးအတွက် ရှုခင်းစုံညီမြန်မာပြည် ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အကဲဖြတ်အဖွဲ့ဝင်များဖြင့် စိစစ်အကဲဖြတ်ရွေးချယ်ခဲ့ရာ ဆုရရှိသူများမှာ ပထမဆု ဖေယျာမျိုး (ဘိုအဖွဲ့)၊ ဒုတိယဆု ဦးဆန်းဌေး(မြန်မာ)၊ တတိယဆု ကိုဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)တို့ ဖြစ်ကြသည်။

အထူးဆုရရှိကြသူများမှာ စိုင်းခမ်းလင်း(Hawk Eyes)၊ ဇေမောင်သိန်း (မန်းတက္ကသိုလ်)၊ ပုဂံမင်းမင်းဦး (မွေး)၊ သီဟသိန်းဉာဏ်နှင့် ကျော်သာ (ဟိုက်ချင်း) တို့ ဖြစ်ကြသည်။

နှစ်သိမ့်ဆုရရှိကြသူများမှာ ဓာတ်ပုံစောမြင့်ဇော် (အလှဒသန)၊ A.K Moe (သတ္တဗေဒ)၊ ပုဂံမောင်မောင်၊ ထင်အောင်(အင်းစိန်)နှင့် စစ်သွေးကျော် (Photo Art-2) တို့ ဖြစ်ကြသည်။

ဆုရရှိသူများသည် မူရင်းနဂတစ်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်းတွင် အစစ်ဆေးခံပြီး ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကောင်းထွဋ် ဒုတိယညွှန်ကြားရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ မတ်၁၆ရက်တွင် ရုံးချိန်အတွင်း သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးရွှေဆံတော်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း တွံတေးမြို့သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၈ရက်မှ ၅ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းတော်မြတ်ပူဇော်ပွဲ၊ ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ မျက်လှည့်၊ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲနှင့် အခြားပျော်ပွဲ ရွှင်ပွဲများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ဆိုင်ခန်းများကို မတ်၂၀ ရက် နံနက်၁၀နာရီတွင် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် တတိယအကြိမ်မြောက် ကျောက်ကပ် အစားထိုးကုသမှုကို ဆရာဝန်ကြီးများထံမှ ခွဲစိတ်ကုသမှုခံယူပြီးသူ ဒေါ်စောမမ၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုစဉ်။

(ကျန်းမာရေး)

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၌ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ အသင်းရုံးခန်းနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားအပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(မြန်မာ့ရေနံ)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံးခန်းနှင့်ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၏ အသင်းရုံးခန်းနှင့်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အမှတ် ၇၄/၈၀ မင်းရဲကျော်စွာလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်သိန်းက ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များအား ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတွေ့ဆုံမှာကြား

ရန်ကုန် မတ် ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ယနေ့ညနေ ၄နာရီ ၁၅ မိနစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ် ဆွေးနွေးပွဲခန်းမ၌ ဂျုံတင်သွင်းသူလုပ်ငန်းရှင်များ၊ ကော်ဖီ၊ ငရုတ်ကောင်း၊ သရက်သီး၊ လက်ဖက်ခြောက်၊ ဆီးသီးတင်ပို့သည့် လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များနှင့် သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ဂျုံတင်သွင်းသူများ အနေဖြင့် ဂျုံတင်သွင်းမှုကို လျှော့ချ၍ ဂျုံစိုက်ပျိုး ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ရေး၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့ရေးနှင့် အများဆုံးတင်ပို့နိုင်သူအား ဂုဏ်ပြုဆုချီးမြှင့်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် တင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွက်ကျားရှာဖွယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ် ရှာဖွယ်ရာရှိသည်။ ရှာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တာဝန်ရှိသူများတက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းအစီအစဉ်များတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Relaxation Zone၊ Recreation Zone၊ Education Zone နှင့် Central Forest Zoneတို့တွင် သက်ဆိုင်ရာဇုန်အလိုက် အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုအခြေအနေများ၊ ဇုန်တစ်ခုစီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကန်တော်ကြီးရေပြင် အစဉ်သန့်ရှင်းစင်ကြယ်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဟိုတယ်နှင့် စားသောက်ဆိုင်ရာများကို ကန်တော်ကြီး၏သဘာဝအလှနှင့်ပသာဒဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone ၌ ရေချိုငါးပြတိုက် (Fresh Water Fish Garden) တည်ဆောက်လျက်ရှိသည့်လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကCentral Forest Zone တွင် သစ်တောရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ မြေယာရှုခင်း အလှဆောင်ရွက်ထားရှိမှု၊ ပေါက်ရောက်ပြီးဖြစ်သည့် အရိပ်ရပင်၊ သီးပင်၊ စားပင်များကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် ဆောင်ရွက်နေမှုလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zone ၌ ခြံစည်းရိုးနှင့် သံပန်းများ ကာရံပြီးစီးမှု၊ မြေယာမြက်ခင်းအလှ ဆောင်ရွက်ထားရှိမှု၊ Viewing Plaza နှင့် ကျွန်းကူးတံတား တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေး စစ်ဆေးထိန်းသိမ်းရေးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ ဗိသုကာပညာရှင် Mr. Jun-Ichi Inada က အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဒီဇိုင်းပုံစံများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကစားသောက်ဆိုင်များနှင့်ကလေးကစားကွင်းများ တည်ဆောက်မည့် အစီအစဉ် များကိုလည်းကောင်း၊Wood Land Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေကြသည့် လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင် ပြကြသည်။

အဆင့်မြှင့်တည်ဆောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကိုသက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တည်ဆောက်ရေး အဆောက်အအုံများကို ကန်တော်ကြီး၏ ပင်ကိုသဘာဝအလှနှင့် ပနံတင့်စေမှုရှိရေး၊ မြို့တော်နေ ပြည်သူများအတွက် စိတ်လက်အေးချမ်းစွာဖြင့် အပန်းဖြေအနားယူနိုင်သည့် အဆင့်မြှင့်ဥယျာဉ်ကြီးတစ်ခုအဖြစ် စနစ်တကျတည်ဆောက်သွားကြရေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်ဆုရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ခန်းမှာရုံ၌ကျင်းပရာ အသင်းနာယက ဗိုလ်မှူး ဒေါ်ခင်သိန်းမူ(ငြိမ်း)က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ နှစ်ဘာသာဂုဏ်ထူးရှင်မောင်ကျော်ဝဏ္ဏထွန်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(က–ပ)

ဒဂုံမြို့သစ်(တောင်ပိုင်း) အမက(၁၆) မူလတန်းလွန်ကျောင်း ၂၀၀၂–၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက စတုတ္ထတန်းမှ သုံးနှစ်ဆက်တိုက် ဆုရရှိသူ မောင်ဗညားအောင်အား ဆုချီးမြှင့်စဉ်။

(က–ပ)

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသော လယ်ယာထွက်ကုန် ဘောလုံးအသင်းအား တွေ့ရစဉ်။

(သတင်းစဉ်)

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ လယ်ယာထွက်ကုန်အသင်းအနိုင်ရရှိ

ရန်ကုန် မတ် ၉

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာထွက်ကုန်အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များပူးပေါင်းကာ မတ် ၇ ရက်က အင်းစိန် ရွာမ အရှေ့ရပ်ကွက် မင်းကြီးလမ်းထိပ်တွင် ရေမြောင်းနှင့်အမှိုက်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေစဉ်။

(က–ပ)

မီး သတိပြု

နွေရာသီယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး) ရှင်သာမဏေ ဓမ္မဗိမာန် ဓမ္မာရုံကြီး၌ မတ်၁၃ရက်မှ ၂၁ရက်အထိ မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ ခိုင်မာမြင့်မားရေး ယဉ်ကျေးမှု(နွေရာသီ)သင်တန်းကို သာသနာ့ဝန်ဆောင်အဖွဲ့က ဆရာ ဆရာမများက ကိုးရက်တိုင်တိုင် သင်ကြားပို့ချပေးမည်ဖြစ်ရာ တက်ရောက်နိုင်မည့် ပညာအရည် အချင်းကို ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ သတ်မှတ်ထားကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

လှမျိုးစုံကြွယ် ကရင်ပြည်နယ်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခုမတ်လ ၃ရက်နေ့ ကရင်ပြည်နယ်ခရီးစဉ်အတွင်း အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့သည်။

“ဘားအံဒေသအပါအဝင် ကရင်ပြည်နယ်သည် ရှေးယခင်ကာလနှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်ရသော ပြည်နယ်မဖြစ်ရအောင်၊ အခြားပြည်နယ်/တိုင်းများနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးလာအောင် ဘဏ္ဍာငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ကရင်ပြည်နယ်၌လိုအပ်သော လမ်းများ၊ တံတားများကို တည်ဆောက်ပေးခဲ့ကြောင်း။

ပြည်နယ်အတွင်း အခြေခံပညာရော၊ အဆင့်မြင့်ပညာပါ လွယ်လင့်တကူ သင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၊ ကောလိပ်များနှင့် ဘားအံတက္ကသိုလ်တို့ကို တိုးချဲ့ထူထောင်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ဆေးရုံဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက စေတနာထား၍ တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးထားပြီဖြစ်ရာ ဒေသအပိုင်း၊ ပြည်နယ် အပိုင်းကလည်း မိမိဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်ကြိုးစား လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ဒေသတွင်း ဖူလုံမှုရှိနိုင်မှာပြီး စိုက်ပျိုးရေး၊ သားငါး၊ စက်မှု စသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်နေမှသာ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခုအကြား ပညာရေးအခွင့်အလမ်း ကွာဟမှုမရှိဘဲ နယ်မြေဒေသအလိုက် ပညာတတ်များပေါ်များလာမှသာ ကရင်ပြည်နယ် အပါအဝင် ပြည်နယ်/တိုင်းအားလုံး ဖွံ့ဖြိုးပြီး အနာဂတ်ကာလ နိုင်ငံတော်သည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတော်ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း”

ဟူ၍ မိန့်ကြားခဲ့သည်။

ယခုအခါ ကရင်ပြည်နယ်၏ မြို့တော်ဘားအံတွင် ပြည်နယ်အဆင့်ဆေးရုံ၊ အထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ ကောလိပ် အစရှိသည်တို့အပြင် အဓိပတိလမ်းမကြီးနှင့် ဘားအံတက္ကသိုလ်၊ ဘားအံနည်းပညာကောလိပ်တို့ကို တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

စာရေးသူတို့သည် ဒုံသမိချောင်းကူးတံတားကို ဖြတ်သန်းလိုက်သည်နှင့် ဘားအံတစ်ဖက်ကမ်း မြိုင်ကလေး၌ ကြီးမားသော စက်ရုံကြီးတစ်ရုံကို မြင်တွေ့လိုက်ရသည်။ ဘားအံမြို့နယ်အတွင်းရှိ တန် ၄၀၀၀ကျ မြိုင်ကလေး ဘိလပ်မြေစက်ရုံကြီး ဖြစ်ပါသည်။

စာရေးသူတို့ ကားကလေးသည် သထုံမှဒူးရင်းဆိပ်သို့ ရှစ်မိုင်ခရီးကို မောင်းနှင်ခဲ့သည်။ ဒူးရင်းဆိပ်မှ ကရင်ပြည်နယ် မြိုင်ကလေးသို့ ၁၆မိုင်ခရီး မောင်းနှင်ပြီး သံလွင်တံတား(ဘားအံ)ကို ဖြတ်ကူး၍ ၂၃၇၁ပေမြင့်သော ဇွဲကပင်တောင်ကြီးနံဘေးမှ ဖြတ်သန်းပြီး ဇာသပြင်သို့ရောက်ခဲ့သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ခြားထားသော ဂျိုင်းမြစ်ကြီးကို ဂျိုင်းမြစ်ကူးတံတားသစ်ကြီးတည်ဆောက်၍ ဆက်စပ်ပေးထားသည်။ ဂျိုင်းမြစ်ကူးတံတားသစ်ကြီးကို ဖြတ်သန်းမောင်းနှင်၍ မြဝတီဘက်သို့ သွားရောက်ခဲ့သည်။

“ဇွဲကပင်တောင်၊ ညို့မှောင်မှောင်ကို
နေရောင်အောက်တွင်၊ မြင်ရလျှင်သော်
ဖခင်ကြီးက လက်ရုံးပြ၍
ခုံးကြွဖုထစ်၊ အားမာန်လှစ်သို့
ကျစ်လျစ်ခန့်ထည်လှသည်တကား”။ ။

(မြင်းမူမောင်နိုင်မိုး)

ကရင်ပြည်နယ်ကို ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ ဘားအံ၊ မြဝတီ၊ လှိုင်းဘွဲ့နှင့် သံတောင်ဟူ၍ မြို့နယ် ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ကရင်၊ ပအိုဝ်၊ ဗမာ၊ မွန်နှင့် ရှမ်းစသော တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖေဖော်ဝါရီ၉ရက်က ကျင်းပသော ကရင်ပြည်နယ် ဘားအံတက္ကသိုလ်ပင်မဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင်-

“အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုဖြစ်သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းပြဆိုနေသည့် ပြည်ထောင်စုနေ့ မင်္ဂလာရက်မြတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွန်ခံ့ညားထည်ဝါသော ဤဘားအံတက္ကသိုလ်ကြီး၏ ပင်မအဆောက်အအုံသစ်ကြီးနှင့် စာသင်ဆောင်သစ်များကို ယနေ့ဖွင့်လှစ်နိုင်ခြင်းသည် ကရင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက်ပါ ဂုဏ်ယူဝင့်ကြွားရမည့် တိုးတက်ဖြစ်ထွန်းမှု တစ်ရပ်ပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

နောင်မကြာသောကာလတွင် ဘားအံနည်းပညာကောလိပ်အဆောက်အအုံကြီးများလည်း အလွန်ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသူကျောင်းသားများ အနာဂတ်ရေးသည် အလွန်စိတ်အေးချမ်းမြေ့ဖွယ်ရာ ဖြစ်သည်ဟု ပြောကြားလိုကြောင်း”

ဟူ၍ ပြောကြားခဲ့သည်။

ကရင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်လျှင် ကျန်းမာရေးကဏ္ဍ၌ ၁၉၈၈ခုနှစ်ကာလက ဆေးရုံ၂၉ ရုံရှိခဲ့ရာမှ ယခုဆိုလျှင် ခုတင်(၂၀၀)ဆံ့ ဘားအံပြည်သူ့ဆေးရုံကြီး၊ ခုတင်(၅၀)ဆံ့ မြဝတီဆေးရုံ၊ (၂၅)ခုတင်ဆံ့ မြိုင်ကလေးဆေးရုံတို့အပါအဝင် ဆေးရုံပေါင်း ၃၇ရုံ ရှိလာပြီဖြစ်သည်။

ပညာရေးကဏ္ဍအနေဖြင့် ကရင်ပြည်နယ်အတွင်း ၁၉၈၈ခုနှစ်က အခြေခံပညာမူလတန်းကျောင်း ၁၀၆၄ကျောင်း၊ အလယ်တန်းကျောင်း ၆၅ကျောင်း၊ အထက်တန်းကျောင်း ၂၀သာရှိခဲ့ရာမှ ယခုဆိုလျှင် အခြေခံပညာကျောင်းပေါင်း ၁၀၀ကျော် တိုးပွားလာမှုကြောင့် မူလတန်းကျောင်း ၁၁၄၂ကျောင်း၊ အလယ်တန်းကျောင်း ၇၈ကျောင်း၊ အထက်တန်းကျောင်း ၃၁ကျောင်း ရှိနေပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍ၌ ဘားအံအစိုးရကွန်ပျူတာကောလိပ်နှင့် ဘားအံအစိုးရ နည်းပညာကောလိပ်တို့ အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ ၁၉၈၈ခုနှစ်က ကောလိပ်အဆင့်သာရှိခဲ့သည့် ဘားအံကောလိပ်ကို ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ်အဆင့်၊ ၂၀၀၃ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ အဆင့်ဆင့် တိုးမြှင့်ပေးခဲ့သည်။

ယနေ့ နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် လျော်ညီစွာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်သည့် ဘားအံတက္ကသိုလ်၌ အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်အရ IT Centre ခုနစ်ခန်း ဖွင့်လှစ်ထားရှိပြီး ကျောင်းသားကျောင်းသူများကို သင်ကြားပေးလျက်ရှိသည်။ Language Lab နှစ်ခုဖြင့်လည်း ကျောင်းသားကျောင်းသူ ၉၆ ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။ VSAT., e-mail တို့ကိုလည်း ချိတ်ဆက်ပြီး Internet ပါ အသုံးပြု ဆောင်ရွက်နေပြီဖြစ်သည်။

အတ္တရံမြစ်ကမ်းဘေးတွင် တည်ရှိနေသော ဆိပ်ကြီးနှင့် ထိုမှနှစ်မိုင်ခန့်ဝေးသော ကြာအင်းရွာကြီးတို့ကိုပေါင်း၍ ကြာအင်းဆိပ်ကြီးမြို့နယ်ဟု တွင်သည်။ ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်၍ သံပရာ၊ လိမ္မော်၊ ရှောက်ချိုသီးများ အထူးစိုက်ပျိုးသည်။ တောင်ညိုတောင်တန်းများ၏ အဆွယ်တွင် တည်ရှိသောမြို့နယ်ဖြစ်သည်။

ဖာပွန်မြို့နယ်အတွင်းရှိ ယွန်းဇလင်းမြစ်မှာ ဖာပွန်မြို့လယ်မှ ရစ်ခွေစီးဆင်းလျက်ရှိသည်။ ဖာလာ၊ ကွမ်းသီး၊ ငရုတ်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး ဖာပွန်ပျားကြီးရည်မှာ ထင်ရှားသောထွက်ကုန်ဖြစ်သည်။

ဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။ မြိုင်ကြီးငူ-ဘားအံ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သော လမ်းမကြီးကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြဝတီမြို့နယ်သည် သောင်ရင်းမြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသော နယ်စပ်ဒေသမြို့ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ၂၀၀၀ အမြင့်တွင် တည်ရှိသော မြဝတီမြို့နယ်သည် ပေပေါင်း ၆၈၂၂ ပေမြင့်သော ဒေါနတောင်တန်း၏ အရှေ့ဘက်တွင်တည်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေးတို့ တွင် အချက်အချာကျသည်။ နယ်စပ်ဒေသမြို့ဖြစ်သော်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းထားနိုင်သည်။

“အေးချမ်းသာယာ၊ ပြည်မြန်မာကို
ခေါ်တည်ဆောက်၊ ဖြိုးမောက်ဂုဏ်အင်
မြင်ရလျှင်သော်
သံလွင်မြစ်ကမ်း၊ အရှေ့ခြမ်းကို
တတမ်းလွမ်းမျှော်နေဆဲပင်”။ ။

(မြင်းမူမောင်နိုင်မိုး)

စာရေးသူတို့သည် မြဝတီကိုသွားရန်အတွက် ဂျိုင်းမြစ်ကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ဂျိုင်း (ကော့ကရိတ်) မြစ်ကူးတံတားကို ဖြတ်ကျော်မောင်းနှင်ခဲ့ရသည်။ အရှည်ပေ ၁၂၀၀ရှိပြီး ငွေကျပ်သိန်း ၈၅၅၀ နှင့် နိုင်ငံခြားငွေ ဝဒသမ၈၉၂သန်း ကုန်ကျခဲ့ကြောင်းသိရှိရသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် တရုတ်လှကျေးရွာကို စံပြကျေးရွာအဖြစ် နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးရေရရှိရေးအတွက် တရုတ်လှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည်။

ကော့ကရိတ်မြို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ကုန်စည်ကူးသန်းဆက်ဆံနေသည့် အဓိကလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကူးသန်းရောင်းဝယ်မှုလုပ်ငန်း ဖြစ်ထွန်းနိုင်သကဲ့သို့ စိုက်ပျိုးရေးအောင်မြင်စေမည့် သဘာဝအခြေခံများလည်း ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်း ဖြစ်သည်။ ဤဒေသတွင် ရော်ဘာ၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ ကျွဲကော စသည့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသည်။

သံတောင်မြို့နယ်အတွင်း၌ ပသီချောင်းက မြို့ကိုဖြတ်သန်းကာ စီးဆင်းလျက်ရှိသည်။ လက်ဖက်၊ ကွမ်းသီး၊ တညင်းသီး စသော နှစ်ရှည်သီးနှံခြံနှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ဖြစ်ထွန်းလျက်ရှိသည်။

ပင်လယ်ရေမျက်နှာပြင်မှ ပေ ၄၀၀၀ ကျော်မြင့်သော သံတောင်မြို့သည် ကရင်ပြည်နယ်၏ တောင်လေ့ကား၊ သို့မဟုတ် နှင်းမှုန်မြို့တော်ဖြစ်သည်။ လက်ဖက်လုပ်ငန်းသည် သံတောင်မြို့နယ်၏ ပင်မလုပ်ငန်းဖြစ်သည်။ ကော်ဖီ၊ ကိုကိုး၊ စင်ကိုနာတို့ကိုလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

ကရင်ပြည်နယ်သည် ရှေးယခင်ကာလများထက် အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ကိုယ်တွေ့မျက်မြင်ကြည့်ရှုလေ့လာနိုင်ခဲ့သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ပေးထားသည်။ စိုက်ပျိုးရေး၊ သားငါး၊ စက်မှုစသည်ဖြင့် စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်အောင်လည်း ကူညီအားပေး ဖြည့်ဆည်းပေးလျက် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လာအောင် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Concepts of equilibrium (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အချစ်လေပြည်”**(အပိုင်း-၂၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”**(အပိုင်း-၃၆)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၅ရက်က အထက (၃) မင်္ဂလာဒုံ (ထောက်ကြန့်)၏ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူး လေးဘာသာဖြင့် အောင်မြင်သူ မမျိုးနန္ဒာခက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီတာကျော်က ဆုချီးမြှင့်စဉ်။ (က-ပ)



(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြခန်း သမဝါယမဝန်ကြီးဌာနပြကွက်ဝန်ကြီးစစ်ဆေး

ရန်ကုန် မတ် ၉

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ပြခန်းသမဝါယမဝန်ကြီးဌာန ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသန်းနှင့်တာဝန်ရှိသူများကကြိုဆိုကြပြီး သမဝါယမဝန်ကြီးဌာနပြခန်းအတွင်းလုပ်ငန်းဌာနများ၏ ပြကွက်များကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၀၃)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီးဝိပဿနာခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ မတ် ၂၀ရက်ညနေ ၆နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်း သွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် မတ်၂၀ရက် ညနေ ၃နာရီထက်နောက်မကျစေဘဲ မိမိတို့၏အမျိုးသား မှတ်ပုံတင်များကိုယူဆောင်ပြီးဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမင်္ဂလာဗျူဟာအသင်းချုပ်သို့လာရောက်ကြပါရန်နှင့်မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်းသိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စာအုပ်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၉

၂၀၀၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို မတ် ၁၉ ရက်မှ ၂၈ ရက်အထိ ၁၀ရက်ကြာ ရန်ကုန်ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း (အထက်) အမှတ် ၃၇၉-၃၈၃ ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံတွင် ကျင်းပမည်ဖြစ်သည်။ စာအုပ်ဈေးပွဲတော်ကို နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်သည်။

အဆိုပါ စာအုပ်ဈေးပွဲတော်တွင် ပါဝင်ရောင်းချလိုသည့် စာအုပ်ဆိုင်များသည် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀၊ စာတည်းမှူး ဖုန်း-၂၄၀၀၄၈တို့သို့ လည်းကောင်း၊ မန်နေဂျာ(အရောင်း) ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ လည်းကောင်း မတ် ၁၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးနိုင်ပြီး မတ် ၁၆ရက် နံနက် ၁၀နာရီတွင် စာအုပ်ဈေးပွဲတော် ကျင်းပမည့် အဆောက်အအုံ၌နေရာချထားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	တေးသရုပ်ဖော်အစီအစဉ်
၈:၀၀	၇။	အဆိုပြိုင်ပွဲ
၈:၀၅	၈။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၉။	ဒါးကတံတား(ဧရာဝတီတိုင်း)
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Learning English the Easy and Happy Way for Children and Beginners
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၂ခုနှစ်)
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၅	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၄၅	၉။	သီချင်းကြီးပဒေသာ
၁၇:၅၅	၁၀။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၈:၀၅	၁၁။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၅	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၁၅	၁၆။	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၁၉:၂၅	၁၇။	(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀	၁၈။	ကော်ဖီ(အပိုင်း-၁)
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၉)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

(၅၉)နှစ်မြောက် တပ်မတော်နေ့ဓာတ်ပုံပြိုင်ပွဲ၌ "ယဉ်ကျေးမှုအမွေ ထိန်းသိမ်းလေ"ခေါင်းစဉ်ဖြင့် ပထမဆုရ ကိုလူမောင်၏ ဆုရဓာတ်ပုံကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်းစစ်ဆေး ဆည်ရေကို အကျိုးရှိစွာ အသုံးချရေးနှင့် နွေစပါး၊ မိုးစပါးနှင့် ဝါတိုးချဲ့စိုက်ပျိုးရေးမှာကြား

ရန်ကုန် မတ် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတ် ၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် တံတားဦးမြို့နယ် သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေးအတွက် လက်ရှိမြောင်းမကြီးအား ၁၀ ပေ အကျယ်မှ ၂၀ ပေအကျယ်သို့ တိုးချဲ့ခြင်းနှင့်တူးမြောင်းမကြီး အလျား ၁၃ မိုင် တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တူးမြောင်းတစ်ပိုင်းပြီးတိုင်း ပြီးသည့်နေရာသို့ ဆည်ရေရောက်ရှိရေး၊ နွေသီးနှံစိုက်ပျိုးရေးနှင့် လာမည့်မိုးရာသီအမီ ပြီးစီးရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၁၇)တွင် တူးမြောင်းသစ်တိုးချဲ့တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တူးမြောင်းဘောင်အတိုင်း စစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၅/၄)၌ တည်ဆောက်လျက်ရှိသည့် မဲဇာလီရေပုပ်ပြွန် တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီ ပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မိုင်တိုင်အမှတ် (၁၃/၄) ၌ တူးမြောင်းမကြီးအား စက်ယန္တရားကြီးများဖြင့် တိုးချဲ့ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးထွန်းနှင့်ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းတို့က အသီးသီးရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မိုင်တိုင်အမှတ်(၁၂/၄)ရှိ အောင်သာရေပုပ်ပြွန် တည်ဆောက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၁/၄) ရှိ လက်တံမြောင်းအမှတ် (၃)မှ လယ်များသို့ ဆည်ရေများပေးဝေနေမှု၊ နွေစပါးစိုက်ပျိုးရန်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လက်တံမြောင်းအမှတ် (၃)မှနွေစပါး ၄၇ ဧကစတင်စိုက်ပျိုးနေကြောင်း သိရသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်တံမြောင်းအမှတ် (၃)မှ ဆည်ရေဖြင့်နွေစပါးစိုက်ပျိုးလျက်ရှိသည့် လယ်သမားကြီးများနှင့်တွေ့ဆုံပြီး စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများတွင် စပါးတိုးချဲ့စိုက်ပျိုးရန်နှင့်စပါးမစိုက်ပျိုးနိုင်သည့်မြေများတွင် ဝါတိုးချဲ့စိုက်ပျိုးရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် သစ်တက်ကုန်းရေလွှဲဆည်တွင် ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သစ်တက်ကုန်းရေလွှဲဆည်သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ် သစ်တက်ကုန်ကျေးရွာအနီးတွင်ရှိပြီး စမုံချောင်းကိုပိတ်၍ ဆည်တည်ဆောက်ထားခြင်းဖြစ်ပြီး Broad Crested အတွင်း ကိုယ်ထည် ကျောက်ဖြည့်သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ရေလွှဲဆည်အမြင့်မှာ ၁၂ ပေခွဲရှိပြီး ရေလွှဲဆည်အလျားမှာ ပေ ၄၀၀ ဖြစ်သည် ရေထိန်းတံခါးရွက်အမြင့် ၄ ပေခွဲနှင့် သဲထုတ်ရေတံခါးမှာ အလျား ၈ ပေ၊ အမြင့် ၈ ပေရှိ ရေတံခါး သုံးပေါက်ရှိသည်။ ဒီဇိုင်းပြု ရေစီးပမာဏမှာ ၄၂၀၂၀ ကုဗပေ/စက္ကန့်ဖြစ်ပြီး ရေဆင်းဧရိယာမှာ ၉၄၉ စတုရန်းမိုင်ဖြစ်သည်။

သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာတိုးချဲ့ရေးစီမံကိန်းတွင် လက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေး-မိတ္ထီလာလမ်းပိုင်း ခြောက်လမ်းသွားစီမံကိန်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၁၁) ရှိ တိုက်ရိုက်ရေပေးပြွန်အမှတ် (၁)သို့ရောက်ရှိပြီး လယ်မြေများသို့ ဆည်ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုက်ရိုက်ရေပေးမြောင်းအမှတ် (၁) မှ ရေပေးဝေနိုင်မှုကြောင့် ယခင်က နွေစပါးဧက ၂၀ သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါ နွေစပါး ၆၃ ဧက အထိ တိုးမြှင့်စိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၉/၇) ရှိ လက်တံမြောင်းအမှတ်(၂)သို့ ရောက်ရှိပြီး လယ်မြေများသို့ ရေပေးသွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

လယ်တံမြောင်း အမှတ်(၂)မှ ဆည်ရေပေးဝေမှုကြောင့် လယ်မြေ ၈၁ ဒသမ ၅ ဧကတွင် နွေစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီးဖြစ်သည်။ ယခင်က အဆိုပါနေရာတွင် နွေစပါးစိုက်ပျိုးနိုင်မှုမရှိကြောင်းသိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်အမှတ် (၇/၄) ရှိ လက်တံမြောင်းအမှတ် (၁) သို့ရောက်ရှိပြီးလက်တံမြောင်းမှ လယ်မြေများသို့ ဆည်ရေပေးဝေနေမှုကိုကြည့်ရှုစစ်ဆေးသည်။

လက်တံမြောင်းအမှတ် (၁)မှ ဆည်ရေပေးဝေးမှုကြောင့် မနောသုခမျိုး နွေစပါးစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်း ရေလွှဲဆည်သို့ ရောက်ရှိကြပြီးရေပေးရေတံခါးမကြီးနှစ်ခုမှ ဆည်ရေများပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

တူးမြောင်းမကြီးအရှည် ၁၅ မိုင်အား အကျယ် ၁၀ ပေမှ ၂၀ ပေသို့ တိုးချဲ့ခြင်းလုပ်ငန်းမှာ ၁၂ မိုင် ၄ ဖာလုံ ပြီးစီးနေပြီး၊ ပြီးစီးမှုရာခိုင်နှုန်းမှာ ၈၆ ဒသမ ၃၇ ဖြစ်သည်။ တူးမြောင်းအရှည် ၁၃ မိုင် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ၂ မိုင် တိုးချဲ့ဖောက်လုပ်ပြီးစီးလျက်ရှိပြီး ပြီးစီးမှုရာခိုင်နှုန်းမှာ ၄ဒသမ ၃၁ ဖြစ်သည်။ ယင်းစီမံကိန်းပြီးစီးပါကမူလရေသောက် ဧရိယာဧက ၅၀၀၀ ဆည်ရေပေးဝေနိုင်ရာမှ နောက်ထပ်ရေသောက်ဧရိယာဧက ၆၀၀၀ ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေး-ရန်ကုန် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ကျောက်ဆည်-မြစ်သားလမ်းပိုင်း မိုင်တိုင်အမှတ်(၃၈၅/၅)သို့ ရောက်ရှိကြပြီး လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဟုန်ပန်းကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးစိုင်းဖိလစ်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဟုန်ပန်းကုမ္ပဏီလီမိတက်က မိုင်တိုင်အမှတ် (၃၈၀/၁)တွင် တည်ဆောက်လျက်ရှိသည့် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်နေမှုကိုလည်းကောင်း၊မိုင်တိုင်အမှတ်(၃၇၆)ဝမ်းတွင်းမြို့နယ် ကျွဲတပ်ရွာအနီးရှိ ဟုန်ပန်းကုမ္ပဏီ နိုင်လွန်ကတ္တရာကျိုချက်စခန်းကို ကြည့်ရှုစစ်ဆေးရာ ဦးစိုင်းဖိလစ်က ကတ္တရာများ ကျောက်၊သဲများ စုဆောင်းထားရှိမှုနှင့် ကတ္တရာကျိုစက်တပ်ဆင်လည်ပတ်မှု အခြေအနေနှင့် မကြာမီနိုင်လွန်ကတ္တရာ စတင်ခင်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောက်ဆည်-မိတ္ထီလာလမ်းပိုင်း ကတ္တရာခင်းပြီးရေးအတွက် လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာမြို့အဝင်မိုင်တိုင်(၃၄၉/၅)ရှိ Toll Gate တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိတ္ထီလာမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**



တာမွေမြို့နယ်အတွင်း ခရီးသည်တင်မော်တော်ယာဉ်လိုင်းပေါ်၌ ခါးပိုက်နှိုက်အား ဝိုင်းဝန်းဖော်ထုတ်ဖမ်းဆီးပေးသော အမှတ် ၂၀၅ ယာဉ်လိုင်းမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် လေးဦးတို့အား ဂုဏ်ပြုဆုပေးပွဲကို မတ် ၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်စိုးဝင်းက ဂုဏ်ပြုဆုငွေနှင့် မှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

ရေတာရှည် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၉

ရေတာရှည်အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား တပည့်ဟောင်း ကျောင်းသားကျောင်းသူများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၄ရက် (တနင်္ဂနွေနေ့) နံနက်၈ နာရီတွင် ရေတာရှည်အထကခန်းမ၌ကျင်းပမည် ဖြစ်၍ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲသို့ ရေတာရှည် မြို့နယ်အသင်း(ရန်ကုန်)မှ ဧပြီ၃ရက် (စနေနေ့)တွင် သွားရောက်မည်ဖြစ်၍ လိုက်ပါလိုသူများ၊ လှူဒါန်းလိုသူများ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၅၄၆၀၁၁၊ ဗိုလ်မှူးကြည်မြင့် ဖုန်း-၀၁-၃၈၁၂၄၁၊ ဦးစောသန်းအောင် ဖုန်း-၀၁-၅၄၀၇၀၁၊ ၀၉-၉၉-၂၈၀၅၈နှင့် ဦးတင့် ဖုန်း-၀၁- ၅၇၈၇၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

ရန်ကုန် မတ် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဆောက်လုပ်ရေး ဗဟိုသင်တန်းကျောင်းခန်းမဆောင်တွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး **(ယာပုံ)** သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်မည်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် ၁၄ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ဒုတိယဦးစီးမှူးများ၊ သင်တန်းသူ ၁၀၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၈ ရက်မှ ဧပြီ ၂ ရက်အထိ ဖြစ်သည်။ **(ဝ၅၂)**

■ *ကျောဖုံးမှ*

ကွန်ချောင်း(၂)ရေလှောင်တမံစီမံကိန်းကို ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီးတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်း၏ရည်ရွယ်ချက်မှာ ဒေသအတွင်း စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် အလုံ(မြောက်) ချောင်းပေါ်၌ အလျားပေ ၁၆၇၂၀၊ အမြင့် ၁၃၅ ပေရှိသော မြေသားတမံ တည်ဆောက်ပြီး တူးမြောင်းများဖြင့် လယ်မြေဧရိယာဧက ၂၀၀၀၀ ခန့်ကို ရေပေးဝေစိုက်ပျိုးရန်အပြင် ဒေသအတွင်း စိမ်းလန်းစိုပြည်စေရန်နှင့် လူနေမှုဘဝတိုးတက်မြင့်မားစေရေးအတွက် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း တိုးတက်စေရန်တို့ဖြစ်သည်။

စီးဝင်ရေဧကပေ၇၅၀၀၀

အလုံ(မြောက်)ချောင်းမှာ ရခိုင်ရိုးမတောင်တန်းအရှေ့ဘက် ပေ ၃၀၀၀ ခန့်အမြင့်မှ မြစ်ဖျားခံစီးဆင်းလာသည်။ အလုံ(မြောက်)ချောင်းနှင့် ကွန်ချောင်း ရေလှောင်တမံတည်ဆောက်မည့်နေရာတွင် ရေဆင်းဧရိယာ ၆၂ ဒသမ ၃၆ စတုရန်းမိုင် ရှိသည်။ အင်းကောက် ဇလဗေဒစခန်းမှ တိုင်းတာရရှိသော

ကြံခင်းမြို့နယ်ရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းမှ ဦးသိန်းဌေးအောင်(ဦးစီးအရာရှိ–မြို့ပြ)က ရေသိုလှောင်ထားရှိမှု၊ တမံတည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရေစီးရေလာ အချက်အလက်များအပေါ်မူတည်၍ ခန့်မှန်းတွက်ချက်မှုအရ တစ်နှစ်ပတ်လုံး ပျမ်းမျှစီးဝင်ရေပမာဏသည် ဧကပေ ၇၅၀၀၀ ရှိသည်။

ကွန်ချောင်း(၂)ရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာ့အလင်းမှ ဖေဖော်ဝါရီ ၂၂ ရက်က သွားရောက်လေ့လာကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ဦးစီးအရာရှိ ဦးသိန်းဌေးအောင်က ကွန်ချောင်း(၂)ရေလှောင်တမံနှင့်ပတ်သက်၍ စီမံဆောင်ရွက်လျက်ရှိသည်တို့ကို ရှင်းလင်းဆောင်၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

အဓိကလုပ်ငန်းလေးရပ်

ကွန်ချောင်း(၂)ရေလှောင်တမံစီမံကိန်းတွင် အဓိကလုပ်ငန်းကြီးလေးရပ် ချမှတ်ထားရှိပြီး ၎င်းတို့မှာ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်ဆောက်လုပ်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေသောက်စနစ်တူးမြောင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေစိမ့်တားနံရံတည်ဆောက်

တမံတည်ဆောက်ခြင်းလုပ်ငန်း မဆောင်ရွက်မီ ဇလဗေဒဆိုင်ရာ လေ့လာခြင်းနှင့် ဘူမိဗေဒဆိုင်ရာလေ့လာခြင်းများကိုပြုလုပ်ခဲ့ရာ စီမံကိန်းဒေသမှာ ဧရာဝတီကျောက်စဉ်စုနှင့် ပဲခူးကျောက်စဉ်စုများရောပြွမ်းလျက်ရှိသည်ကို တွေ့ရှိရပြီး သဲကျောက်နှင့် ယှေလကျောက်များကို အလွှာလိုက်တွေ့ရှိရသည်။ တမံတည်ဆောက်မည့်နေရာဖြစ်သော အလုံ(မြောက်)ချောင်းကြမ်းပြင်တစ်လျှောက်တွင် သဲကျောက်အမျိုးအစားဖြစ်သော အာလူးကျောက်များ(Sand Stone and Gravel)ကို တွေ့ရှိကြရသည်။ ချောင်းကြမ်းပြင်အနေအထားအရ ရေစိမ့်တားနံရံ တည်ဆောက်ရန် လိုအပ်ကြောင်း လေ့လာသိရသည်။

ယင်းသို့ လေ့လာသိရှိချက်ပေါ်မူတည်၍ Gravel ကျောက်များမှာ ပေ ၆၀ မှ ပေ ၈၀ အနက်အထိ ရှိနေခြင်းကြောင့် Gravel ကျောက်များကို သတ်ကျင်းတူးဖော်သောစနစ်ကို ဆောင်ရွက်ရန် လွယ်ကူခြင်းမရှိသောကြောင့် ပလတ်စတစ်ကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၁ ခုနှစ် မေလ၌ တည်ဆောက်ပြီးစီးခဲ့သည်။

မြေသားတမံ

ဖော်ပြပါ ရေစိမ့်တားနံရံကိုတည်ဆောက်ပြီးနောက် အလျားပေ ၁၆၇၂၀၊ အမြင့် ၁၃၅ ပေရှိသော အကြီးစားတမံအမျိုးအစားဖြစ်သည့် မြေသားတမံကို ၂၀၀၀–၂၀၀၁ ခုနှစ် လုပ်ငန်းရာသီတွင် စတင်တည်ဆောက်ခဲ့သည်။

ကွန်ချောင်း(၂)၏ထူးခြားချက်

တမံလုပ်ငန်းကို ဆောင်ရွက်နေသည့်နည်းတူ ရေထုတ်ပြွန်လုပ်ငန်းကိုလည်း တစ်ပြိုင်တည်းလိုပင် စတင်တည်ဆောက်ခဲ့၍ ရေသိုလှောင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ ကွန်ချောင်း(၂)၏ထူးခြားချက်မှာ တမံလုပ်ငန်းမပြီးဆုံးမီပင် ရေစတင်သိုလှောင်ခြင်းနှင့် ရေထုတ်ပြွန်ကိုလည်း တည်ဆောက်၍ ဆည်ရေသောက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ဆည်ရေသောက်စနစ်ကို လက်တွေ့အကောင်ထည်ဖော်ခြင်းအဖြစ် ရေလှောင်တမံလုပ်ငန်းမပြီးဆုံးမီ ကြားကာလလုပ်ငန်းအဖြစ် ရေထုတ်ပြွန်မှတစ်ဆင့် ရေများကို တူးမြောင်းမကြီးမှ ရေလွှတ်ပေးခြင်းကြောင့် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်အကြား လေးမိုင်ခန့်ရှည်သော တူးမြောင်းဖြင့် နွေစပါးစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ နွေစပါးဧက ၅၀၀ ခန့် စိုက်ပျိုးထားပြီဖြစ်သည်။ ဆက်လက်၍ တူးမြောင်းတူးဖော်ရန် ဆောင်ရွက်လျက်ရှိသည်။

ရေပိုလွှဲတည်ဆောက်

ကွန်ချောင်း(၂)ရေလှောင်တမံတွင် ရေပိုလွှဲကို သံကူကွန်ကရစ် အမျိုးအစားတည်ဆောက်ထားရာ ရေပိုလွှဲအကျယ်ကို ပေ ၁၅၀ ဖြင့် ဆောက်လုပ်ထားသည့်အပြင် ပေ ၅၀၀ ကျယ်သော အပိုရေပိုလွှဲကိုလည်း ဆောက်လုပ်ထားသည်။ ထိုသို့ ဆောင်ရွက်ထားခြင်းမှာ ကွန်ချောင်းရေလှောင်ကန်သို့ စီးဝင်ရေသည် ဧကပေ ၇၅၀၀၀ ဖြစ်ပြီး သိုလှောင်နိုင်သော ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေတစ်သိန်းဖြစ်သောကြောင့် ဆည်တည်ဆောက်ပြီးစီး၍ ရေဝင်လာလျှင် မိုးရေချိန်များပြားခြင်းကြောင့်လည်းကောင်း၊ လှောင်ထားပြီးရေအခံရှိခြင်းကြောင့်လည်းကောင်း ရေများပိုလျှံပြီး စနစ်တကျထုတ်လွှတ်ရန် ရည်ရွယ်ချက်ဖြင့် အပိုရေပိုလွှဲကိုဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကွန်ချောင်းရေလှောင်တမံတွင် အချင်း နှစ်ပေရှိသော သံမဏိပိုက်နှစ်လုံးကို ရေထုတ်ပြွန်နှင့် တွဲဖက်တည်ဆောက်ထားသည်။ ၎င်းပိုက်နှစ်လုံးမှ ရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကို ရေအားလျှပ်စစ်ဌာနမှ လေ့လာလျက်ရှိသည်။

ကွန်ချောင်းရေလှောင်တမံကို မြန်မာ့အလင်းအဖွဲ့ သွားရောက်လေ့လာခဲ့သော ဖေဖော်ဝါရီ ၂၂ ရက်အထိ တမံမြေဖို့ခြင်းလုပ်ငန်းမှာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၄၀ တွင်ရောက်ရှိနေပြီဖြစ်သည်။ သတ်မှတ်ထားသော တမံအမြင့်သို့ရောက်ရှိရန်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၇ပေအထိ ဖို့ရန်လိုသောကြောင့် အမြင့် ၄၇ ပေ ထပ်မံဖို့ရန် ဆောင်ရွက်နေကြောင်း သိရသည်။

အထောက်အကူပြုမည်

လက်ရှိရေလှောင်တမံအမြင့်အရ ရေလှောင်ထားသောပမာဏမှာ ဧကပေ ၁၈၀၀၀ ရှိရာ နွေစပါးဧက ၅၀၀ စိုက်ပျိုးထားပြီဖြစ်သည်။ ထို့ပြင် ပိုလျှံအောင်ရေသိုလှောင်ထားသည့်အတွက် နွေစပါးဧက ၅၀၀ ထက် ပိုမိုစိုက်နိုင်ကြောင်း သိရသည်။ ကွန်ချောင်း(၂) ရေလှောင်တမံကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရန်အတွက် ဆည်မြောင်းဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ရေလှောင်တမံပြီးစီးပါက ဒေသဖွံ့ဖြိုးရေးသာမက နိုင်ငံတော်အကျိုးစီးပွားပါ အထောက်အကူပြုမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရေဝတီတိုင်း ကြံခင်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကွန်ချောင်း(၂) ရေလှောင်တမံကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဘွဲ့တံဆိပ်တော်ရဆရာတော်ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ပုဂံ–ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မဟာဝိသုတာရုံ တိုက်သစ် ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တဥတ္တမအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၇ ရက်က အင်းစိန်ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ ရွှေရေးဆောင်တိုက် ဘဏ္ဍာစိုးကျောင်း ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသထံမှ ငါးပါးသီလ ခံယူပြီး ပုဂံ–ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူ–စိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး)နှင့် တာဝန်ရှိသူများက ပူဇော်ပွဲကျင်းပရခြင်းနှင့် ငွေစာရင်းရှင်းတမ်း လျှောက်ထားသည်။ ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်နှင့် ပင့်သံဃာတော်များအား ပုဂံ–ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) **(အပေါ်ပုံ)**နှင့် အလှူရှင်များ၊ စဉ့်ကူနယ်သူနယ်သားများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(၀၄၆)**

အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၇)တွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးစန်းက စတုတ္ထတန်းကျောင်းသူ မဇင်မို့မို့သက်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က–ပ)

သဃ်ၤန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်ဇမ္ဗူမဏ္ဍိုင်ကျောင်း ဘုရားဆောင် ပြုပြင်မွမ်းမံရန်အတွက် ဗညားဒလလမ်း အမှတ် ၄၀၂နေ ဦးဝင်းမြင့်၊ ဒေါ်အေးအေးနွယ် မိသားစု ဖြိုးမောက်ဘက်ထရီလုပ်ငန်း ကျောက်မြောင်းက နှစ်ဖက်သော မိဘများအား ဦးထိပ်ထား၍ ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဦးပညာ(မြို့နယ် ဩဝါဒါစရိယ)ထံ မတ် ၂ ရက်က အလှူငွေကျပ် ၁၀၃၆၀၀၀ ကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲ၊ ဆုပေးပွဲနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အကြိမ်(၄၀)မြောက် နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲကို အမှတ် ၂၇/၂၉၊ ၃၅ လမ်း(အောက်) မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်တွင် မတ်၂၂ရက်မှ ၂၆ ရက်အထိ နံနက်၉နာရီမှ ညနေ ၅ နာရီအတွင်း အခမဲ့ကြည့်ရှုနိုင်ကြသည်။ နှစ်ပတ်လည်ဓာတ်ပုံဆုပေးပွဲကို မတ်၂၈ ရက်နံနက် ၉နာရီတွင် ဆုချီးမြှင့်မည်ဖြစ်၍ မွန်းလွဲ ၁နာရီတွင် အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် အစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

(၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲကျင်းပ

ရန်ကုန် မတ် ၉

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက်အတွင်းရှိ ဇေယျာဘုမ္မိအောင် သိဒ္ဓိအေးစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ကျောင်းတိုက် ပဓာနနာယက ရပ်ကွက်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒောဘာသကြီးမှူး၍ မတ်၃ရက်က ကျင်းပရာ နံနက် ၉ နာရီတွင် တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အမှူးပြု၍ သံဃာတော် အရှင်သူမြတ်များက ဇေယျာဘုမ္မိအောင်သိဒ္ဓိ အေးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး လမ်းမတော်မြို့နယ် ၄ လမ်းနေ ဦးကြည်ဟန်-ဒေါ်နီနီ မိသားစုက နေ့ဆွမ်း ဆက်ကပ်ကာ ရေစက်ချ တရားနာယူကြသည်။

(က-ပ)

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မြေနီကုန်းကျောင်းလမ်း မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းတိုက်၌ မတ် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၏ သားသမီးများ ၂၀၀၃ခုနှစ် မတ်လကကျင်းပခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ တွင် ဂုဏ်ထူးရသူများ၏ အထောက်အထားများကို တစ်ပါတည်းယူဆောင်လာကြပါရန်။

အမှုဆောင်အဖွဲ့။

သန်လျင် ရွှေနံ့သာမိုးကုတ်ဓမ္မရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၉

ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက နယ်လှည့် သာသနာပြုဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ရွှေနံ့သာဆရာတော် အရှင်ဉာဏောဘာသ အရှင်သူမြတ်နှင့် နယ်လှည့် မိုးကုတ်ဓမ္မကထိက ဆရာကြီး ဦးသိန်းဆွေ(ပွင့်ဖြူ)တို့က မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်မှ လကွယ်နေ့အထိ(ဧပြီ၁၂ရက်မှ ၁၈ ရက်)အထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရောက်၍ တရားအားထုတ်လိုကြသော ယောဂီများ၊ ဒုလ္လဘ ရဟန်းလောင်းများ၊ စခန်းပတ်အတွင်း ယောဂီများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုပွဲ၊ အအေးဖျော်ရည်လှူ ဒါန်းလိုသော မြတ်ဒါန ပါရမီရှင်များ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၅၆-၂၁၉၆၁သို့ဆက်သွယ်၍ စာရင်းများ ကြိုတင်ပေးသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ချီးမြှင့်

စမ်းချောင်းမြို့နယ်အမှတ်(၆) အခြေခံပညာမူလတန်း ကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၉ ရက်က ပြုလုပ်ရာ ကျောင်းအုပ် ဆရာကြီး ဦးအေးက မမေဇင်ခိုင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။

(၁၂၉)

မတ် ၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမက(၂၂)၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် ပညာရည်ချွန်ဆုနှင်းပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ် ဆရာမကြီးဒေါ်အုန်းမြင့်က တတိယတန်း ပထမဆု၊ စတုတ္ထတန်း အင်္ဂလိပ်စာပထမဆုရရှိသော မဆုမြတ်မျက်ခြယ်အား ဆုချီးမြှင့်စဉ်။

(၁၉၂)

ဟာသဂျာနယ် အတွဲ(၂)၊အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် မတ် ၉

မြေဇာ၏ ကာတွန်းမျက်နှာဖုံးနှင့် ရွှေညာခိုင်စိုး၏ ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ ကာတွန်း မြင့်စိုးလေး၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ မိုးကြိုး(ဗေဒင်)၊တင်ထူး(အင်းဝ)၊မောင်ရဲလူ၊သဇင်နီနီ၊ဧပရယ်၊ ကျော်ဖြိုးလွင်၊ မောင်သွေးရင့်၊တေးသံရှင်ကြည်အောင်၊ မာန်သွေးသစ်မင်း၊ဆြာကြီးထိန်၊ မောင်လှိုင်မွေး၊မင်းဏီလူ၊ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်၊သဘင်ရသများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ် (၃၂)ကိုဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ) (က-ပ)**

မတ် ၆ ရက်က လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၅) တာမွေမြို့နယ်ကျောင်းခန်းမ၌ ဆုပေးပွဲနှင့် ပဒေသာကပွဲအခမ်းအနားကျင်းပရာ ရင်သွေးငယ်များက ကရင်ဒိုးယိမ်းအကဖြင့် ကပြဖျော်ဖြေစဉ်။

(က-ပ)

ကာကွယ်တားဆီးရေးပညာပေးဟောပြော

ရန်ကုန် မတ် ၉

ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လူတွင်ဖြစ်စေနိုင်သော ကြက်၊ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို မတ်၄ ရက် မွန်းလွဲ၂နာရီတွင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ကျင်းပရာ ဟောပြောပွဲသို့ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဆွေဝင်းက လူတွင် ဖြစ်စေနိုင်သော ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ပညာပေးဟောပြောကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)



ပန်စလီတောင်ကြောရှိဘိန်းခင်းများဖျက်ဆီး

ရန်ကုန် မတ် ၉

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီတွင် ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)မှ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ရှန်ကျေးရွာအရှေ့မြောက်ဘက်ရှိ ပန်စလီတောင်ကြော၌ တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၂ဧကကို တွေ့ရှိဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ၂၈ရက်အထိ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၆၆၁၈ဒသမ ၄၇၆ဧက ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပန်စလီတောင်ကြော၌ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၁၂ ဧကအား ဖေဖော်ဝါရီ ၂၈ ရက်က ပူးပေါင်းအဖွဲ့က စုပေါင်း ဖျက်ဆီးစဉ်။

(သတင်းစဉ်)

ဂုဏာပူဇာသဘင်ကျင်းပ

တပ်ကုန်း မတ် ၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွာသစ်ရွာ ဦးစန္ဒာရုံ ကျောင်းပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဘဒ္ဒန္တ-စန္ဒာသီရိ(အဂ္ဂမဟာမဏ္ဍိတ) ဆရာတော်နှင့် အဂ္ဂမဟာကမ္မဋ္ဌာနစရိယဘွဲ့ တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဝဲကြီးကျေးရွာ သုဝဏ္ဏဘုမ္မိဇေတဝန် ဝိပဿနာကျောင်း (ဆင်ဖြူကျွန်းရိပ်သာ) ဦးစီးပဓာနနာယက ဘဒ္ဒန္တသောဘဏဆရာတော်နှစ်ပါးအား ချီးကျူးပူဇော်သည့် ဂုဏာပူဇာသဘင်ကို ဖေဖော်ဝါရီ ၂၆ရက်က တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တွင် ကျင်းပရာ (ဆင်ဖြူကျွန်းရိပ်သာ) သုဝဏ္ဏဘုမ္မိဇေတဝန် ဝိပဿနာကျောင်း ဦးစီးပဓာန နာယက ဘဒ္ဒန္တသောဘဏအား မြို့နယ်ဥပဋ္ဌာက အဖွဲ့ဝင် ဦးခဲပိန်က ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၆၆)

ကျေးရွာကျောက်ချောလမ်းသစ်ဖွင့်

လှိုင်ကော် မတ် ၂

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ် လှိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု ထူဒူးသကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် ရှေးဦးစွာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းက အဆိုပါ ကျောက်ချောလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်ဒေသခံ ထူဒူးသကျေးရွာပြည်သူများကိုယ်စား ကျေးရွာနေ ဦးစောအက်ဖရက်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးနှင့်အဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် ထူဒူးသကျေးရွာဥက္ကဋ္ဌ ဦးပါဒိုမူးတို့က အဆိုပါ ထူဒူးသကျေးရွာကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။ (ဝ၆၆)

အောင်ချမ်းသာကျေးရွာစက်ရေတွင်းဖွင့်ပွဲကျင်းပ

နွားထိုးကြီး မတ် ၃

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်လျက်ရှိရာ (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မျက်ရှုကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က စက်ရေတွင်းအနီး မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး (အခွန်) ဒေါ်အေးအေးသိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအေးနိုင်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြ၍ လုပ်ငန်းအင်ဂျင်နီယာ ဦးတင်မောင်အေးက စက်ရေတွင်း၏ အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် စက်ရေတွင်းအား စက်ရေတွင်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးထွေးထံ လွှဲပြောင်းပေးအပ်သည်။

တန်ဖိုးငွေကျပ် ရှစ်သိန်းအကုန်အကျခံဆောင်ရွက်သော စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** (၂၁၃)

ရွှေမဥ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲကျင်းပ

မိုးညှင်း မတ် ၃

အင်းတော်ကြီး-ရွှေမဥ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရွှေမဥ္ဇူ ဘုရားဓမ္မာရုံ၌ ကျင်းပရာ မိုးညှင်းမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အင်းတော်ကြီးဝဲယာ ကျေးရွာအုပ်စုများမှ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်လာရောက်သည့် အင်းတော်ကြီး-ရွှေမဥ္ဇူရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

မြိတ် မတ် ၂

တနင်္သာရီတိုင်း အမျိုးသမီးအားကစားကော်မတီ နာယကဒိုင်း မြို့နယ်ပေါင်းစုံ အမျိုးသမီးဖူဆယ် (Futsal)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြိတ်မြို့ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ရက်က စတင်ကျင်းပရာ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အနိုင်ရ

အစီအစဉ်အရ မြိတ်မြို့နယ် အသင်းနှင့် ပုလောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်မြို့အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရ မြိတ်မြို့နယ်အသင်းအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်နုနုဆွေက တံခွန်စိုက်ဒိုင်းဆု တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပြိုင်ပွဲအသင်းဝင်အားလုံးအား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆုပေးအပ်

ထို့နောက် ဒုတိယဆုရ ပုလောမြို့နယ်အသင်းအား တနင်္သာရီတိုင်း အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ဝါဝါက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မုဒုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကာယအလှမယ်ပြိုင်၊ ဆုချီးမြှင့်ပွဲကျင်းပ

မုဒုံ မတ် ၄

မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လှယဉ်ကျေးမယ်၊ ဆံကေသာအလှမယ်၊ ကာယအလှမယ်နှင့် ဖက်ရှင်မယ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက်က မုဒုံမြို့ ရွှေဟင်္သာခန်းမတွင်ကျင်းပသည်။ **(ယာပုံ)**

မြို့နယ်ဥက္ကဋ္ဌနှင့် ဇနီး၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှမယ်များ တက်ရောက်ကြသည်။

ထို့နောက်ဆုပေးပွဲကို ကျင်းပရာ ၂၀၀၄ ခုနှစ် ကာယအလှမယ်ပထမဆုရ မနှင်းအဥ္ဇလီလှိုင် (ကျောက်တစ်လုံးကျေးရွာ)အား မြို့နယ်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ထားထားလွင်ကဆုချီးမြှင့်ပြီး လှယဉ်ကျေးမယ်ပထမဆုရ မသက်မွန်ဦး(ကော့ပရုံကျေးရွာ)အား ဒေါ်လှသီက ဆုချီးမြှင့်ပြီး ဆံကေသာအလှမယ် ပထမဆုရ မဥမ္မာအေး (ကော့ပရုံကျေးရွာ)အား မုဒုံမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နာယကဒေါ်ခင်မြင့်ဝင်းက ဆုချီးမြှင့်ပြီး ဖက်ရှင်မယ်ပထမဆုရ မခင်ခင်ဝင်း (ဝက်တဲကျေးရွာ)အား မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ဆုချီးမြှင့်ပြီး ဒုတိယ၊ တတိယ၊ စတုတ္ထနှင့်ပဥ္စမဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၁၁-၃-၂၀၀၄(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရှမ်းပြည်နယ်မြောက်ပိုင်း၏ ဘက်စုံစိုက်ပျိုးမွေးမြူရေး)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အမေ့ကြေးစည်သံ (ချစ်နိုင်-စိတ်ပညာ) (၂)ကမ္ဘာကျော် ရာဇဝတ်မှုကြီးများ (မောင်သိန်းလွင်-ပြန်ဆိုသည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (ခိုတောင်မုန့်တီ)

ညနေပိုင်း

၁၆:၁၀ မြို့တော်သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး ဆွေးနွေးခန်း(၂)

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၈:၁၅ ဟောပြောချက် (တပ်မတော်သားပြည်သူ့အား)

၁၉:၁၅ ဓာတ်လမ်းပမာနာဆင်ရာ (အိပ်မက်ထဲကမျက်ရည်)

၁၉:၄၀ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဆုရတေးများအစီအစဉ်

၂၀:၃၀ (၅၅)နှစ်မြောက်တပ်မတော်နေ့ ဆုရတေးများအစီအစဉ်

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်း စီမံချက် လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၁ ရက်က လှိုင်လင်မြို့မဈေးကြီး အတွင်းတွင် ပြုလုပ်ကြစဉ်။ (၁၉၂)

ဆုချီးမြှင့်

မတ် ၂ရက်က ကျိုက်လတ်မြို့နယ် ၂၀၀၃-၂၀၀၄ခုနှစ် ငွေစပါး စီမံကိန်း အကောင်အထည်ဖော်နိုင်သူများ ဂုဏ်ပြုပွဲကို ရွှေရောအောင်ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ငွေစပါးအစောဆုံးကွင်းပိတ် စိုက်ပျိုးသည့် သမက်ပြေကျေးရွာအား ပထမဆု ချီးမြှင့်စဉ်။ (၀၅၈)

လုံးခင်းကျေးရွာ စံပြငါးမွေးမြူရေးစခန်း တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ်၂ ရက် ညနေ ၃နာရီက ဖားကန့်မြို့နယ် လုံး ခင်းကျေးရွာ စံပြငါးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ငါးကန်များအတွင်း ငါးမွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေ ၄နာရီခွဲတွင် တိုင်းမှူးသည် ဖားကန့်မြို့နယ် ဆန်းကြွယ်ကျေးရွာရှိ ဥရချောင်းရေကြောင်း လွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းကြီးကြပ်ကွပ်ကဲရေးရုံး ရှင်းလင်းဆောင်၌ တိုင်းမှူးအား ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မတ်၃ရက် နံနက် ၈နာရီတွင် တိုင်းမှူးသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အုပ်စုယူတာကျေးရွာ၌ကျင်းပသည့် ပတ္တမြားကျောက်စိမ်းဟိုတယ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီနှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းတို့က ဟိုတယ်သစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဟိုတယ်သစ်အတွင်း လှည့်လည်ကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကန်တော်ကြီးဥယျာဉ် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဇုန်လေးဇုန်ခွဲလုပ်ဆောင်နေ လုပ်ငန်းများ တစ်ပြိုင်တည်းပြီးစီးရေး အင်တိုက်အားတိုက်တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် မတ် ၉

ရန်ကုန်မြို့တော်ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ကျ် မွန်းလွဲ၁နာရီခွဲက ကန်တော်ကြီးဥယျာဉ် Central Forest Zone ရှိ Water Plaza တည်ဆောက်ရေး လုပ်ငန်းရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ သိသိသာသာ တိုးတက်လာပြီ ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးသည့် လုပ်ငန်းများအချောသတ် ဆောင်ရွက်ရာတွင် Detail Design များအတိုင်း တိတိကျကျ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းများတွင် ဇုန်လေးဇုန်ခွဲ၍ ဌာနဆိုင်ရာများမှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ တစ်ပြိုင်တည်းပြီးစီးရေးအတွက် အင်တိုက်အားတိုက် တက်ညီလက်ညီ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများက သက်ဆိုင်ရာ ဇုန်များအလိုက် အဆင့်မြင့်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မည့် အစီအမံများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားညှိနှိုင်း ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် Relaxation Zone အတွင်း Conference Hall တည်ဆောက်ရေး လုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ Timber Walk °Way တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၆ရက်က ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့ ခန္တီးလေဆိပ် လေယာဉ် ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းဖော်ပြပြီး) (ပို့ဆောင်ရေး)

ဇေယျသိဒ္ဓိတံတားဦးစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ ဝန်ကြီးဗိုလ်ချုပ်စောထွန်း တက်ရောက်တင်လှူပူဇော်

ရန်ကုန် မတ် ၉

မန္တလေးမြို့၌ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မတ် ၇ရက်က မန္တလေးမြို့ မြစ်ငယ်တံတားတည်ဆောက်ရေး စီမံကိန်းနေရာအနီးရှိ ရှေးဟောင်းဘုရားဖြစ်သော ဇေယျသိဒ္ဓိတံတားဦးစေတီ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကာ စေတီတော်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ကပ်လှူပူဇော်သည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နံနက်၇နာရီခွဲတွင် စတင်ကျင်းပရာ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစိုးမင်းနှင့်ဇနီး၊ ဒေွ့ပရိသတ်များက အမရပူရမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆင်ဖြူမယ်ကျောင်းဆရာတော် ဘဒ္ဒန္တဦးဥတ္တရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း နှင့်ဇနီး ဒေါ်မြင့်မြင့်ကိုတို့အား အမှူးထား၍ လှူဒါန်းထားသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်လှူဖွယ်ပစ္စည်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်ဦးစိုးမင်းနှင့် ဒေါ်နုနုလတ်တို့က ဆက်ကပ်လှူဒါန်းပေးကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက လှူဒါန်းမှု အစုစုတို့အတွက် ဆင်ဖြူမယ်ကျောင်း ဆရာတော် ဘဒ္ဒန္တဦးဥတ္တရက သာဓုအနုမောဒနာ တရားချီးမြှင့်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒေွ့ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဘုရားထီးတော်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ဇေယျသိဒ္ဓိတံတားဦး စေတီတော်ကို လက်ယာရစ်တစ်ပတ် ပူဇော်ကြကာ မင်္ဂလာအချိန်တွင် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ရွှေထီးဘုံ အဆင့်ဆင့်အား တင်လှူပူဇော်ပြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက် နှစ်ရာပြည့်ပူဇော်ပွဲနှင့် အာစရိယပူဇာဓမ္မသဘင်ကျင်းပ

ရန်ကုန် မတ် ၉

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ်ရှိ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၏ နှစ် "ရာပြည့်"ပူဇော်ပွဲနှင့်အာစရိယပူဇာဓမ္မသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်မှ၂၉ရက်အထိ ကျင်းပခဲ့သည်။ မော်လမြိုင်မြို့ သာသနာ့မာန်အောင်ဝဲပုံစာသင်တိုက်၏ ဦးစီးပဓာန နာယက တိပိဋကဓရ ရွှေချယ်ရေးအဖွဲ့၏ ဩဝါဒါစရိယ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသက လည်းကောင်း၊ ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယ ပါဠိတက္ကသိုလ် နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသုစိတ္တာဘိဝံသကလည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သစ်ကြီး၏ ဦးစီးပဓါန မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသကလည်းကောင်း၊ ဝမ်းတွင်းသဲတောမြို့ မြနှင်းဆီ စာသင်တိုက်၏ ဦးစီးပဓါန နာယက ဘဒ္ဒန္တဃောသိတက လည်းကောင်း၊ ဝမ်းတွင်း သဲတောမြို့ စံကျောင်းဆရာတော် ဘဒ္ဒန္တ အာလောကက လည်းကောင်း၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရကလည်းကောင်း မော်လမြိုင်မြို့ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘနကလည်းကောင်း အလှည့်ကျ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သန်လျင်မြို့ မဈေးမီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး လေ့ကျင့် သရုပ်ပြပွဲကို မတ်၁ရက်က ပြုလုပ်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူကျင်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ရေး ညှိနှိုင်း

ရန်ကုန် မတ် ၉

ကောလင်းမြို့နယ် နွေရာသီ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆွေးနွေး

ညှိနှိုင်းအဝေးတွင် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လက်ထောက်သာသနာပြု ဦးခင်မောင်ညိမ်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာများက ယခင်နှစ်များ၏ အတွေ့အကြုံများကို ပြန်လည်ဆွေးနွေးကြသည်။ **(၀၂၆)**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်သာ)

၁။ ငွေစာရင်းကိုင် ၁ ဦး
၂။ Casher (ငွေကိုင်) ၁ ဦး
၃။ Supervisor (ကျား/မ) ၂ ဦး
၄။ Marketing (မ) ၄ ဦး
၅။ စက်မောင်းတာဝန်ခံ ၂ ဦး

အမှတ်စဉ် ၁/၂အတွက် ကွန်ပျူတာ Accounting ကျွမ်းကျင်သူ ဦးစားပေးမည်။ သောက်ရေသန့် ဖြန့်ချိရေးလုပ်ငန်း အတွေ့အကြုံရှိရမည်။ အမှတ်စဉ် (၅)အတွက် ရေသန့်စက်မောင်း အတွေ့အကြုံရှိရမည်။ ပညာအရည်အချင်းထောက်ခံစာ၊ ကျန်းမာရေး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများနှင့်အတူ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဖုန်း- ၂၀၃၄၃၆၊ ၂၀၃၄၃၃

အများသိစေရန်ကြေညာချက်နှင့် ဦးနိုင်လင်းအောင်[၇/အဖန(နိုင်)၀၇၁၂၄၃] သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာ ၁၂/စခန(နိုင်) ၀၁၃၅၂၂ (ဈေးကွက်မန်နေဂျာ) ဂွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဂွတ်(ဒ်) ဘရားသား(စ်) ကုမ္ပဏီလီမိတက်၏ အရောင်းစာရေးဖြစ်သူ နိုင်လင်းအောင် ၇/အဖန(နိုင်) ၀၇၁၂၄၃သည် ကုမ္ပဏီပိုင်ငွေကြေးကိစ္စများအတွက် (၃)ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ဖြေရှင်းရန်၊ ကုမ္ပဏီအနေဖြင့် နိုင်လင်းအောင်အား မည်သည့်တာဝန်မှ ပေးအပ် စေခိုင်းခြင်းမရှိတော့ကြောင်းနှင့် ကုမ္ပဏီနှင့် လုံးဝပတ်သက်၊ သက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ-

အမှတ်-၈၃/၁၁၊ပန်းဆိုးတန်းလမ်း **ဦးစိန်လှိုင်၊ ဘီအေအောရ်အယ်လ်**
ကျောက်တံတားမြို့နယ် **စစ်မှုထမ်း(အငြိမ်းစား)**
ဖုန်း-၃၇၇၇၁၄ **တရားရုံးချုပ်ရှေ့နေ (၂၀၁၆)**

အမည်ပြောင်း

ဦးစိန်ဖုန်း၏ သမီးဖြစ်သူ မမြမြသန်း ၁၃/ လရန(နိုင်) ၀၉၈၉၉၅အား မချိုဇင်သွယ် ဟု ပြောင်းလဲခေါ်ရန်။

မချိုဇင်သွယ်။



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇က/၉၇၅၂ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ရက် ၃၀အတွင်း ကညန၊တိုင်းရုံး (မကွေး) သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)

တိုက်ခန်းရောင်းမည်

၆၅၊ ၁၆၆လမ်း၊ (ပ)ထပ်၊ ယာခန်း၊ တာမွေ၊ ၁၇ပေXပေ ၇၀၊ ဧည့်ခန်းပါကေးခင်း၊ အိပ်ခန်း နှစ်ခန်း၊ အဲယားကွန်းပါ၊ မီးဖိုချောင်ကြွေပြားခင်း၊ ဘိုထိုင်အိမ်သာ၊ ဘေစင်ကြီး၊ ပတ်လည် သံပန်းတပ်ပြီး ရေမီးကိုယ်ပိုင်၊ အသင့်နေနိုင်။

(ညီနိူင်းဈေး)



ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနှိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်း ပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း
(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း
(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း
(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း
(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)
(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း
(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီး ဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ။

အရာတော်မြို့နယ် အမကကျောင်းဆောင်သစ်ဖွင့်

အရာတော် မတ် ၃

မုံရွာခရိုင် အရာတော်မြို့နယ် ငါးတောမကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၌ ဖေဖော်ဝါရီ ၉ ရက်က (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာ မူလတန်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးရာထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၉ ရက်က ကညွတ်ကွင်းမြို့ အားကစားကွင်းတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စတုတ္ထအကြိမ်မြောက် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပရာ အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲတွင် အနိုင်ရသော မိဿလင်အသင်းအား ဆုဖလားနှင့်ငွေသား ကျပ်တစ်သိန်းချီးမြှင့်စဉ်။ (က-ပ)

သင့်အိမ်.. သင့်ရုံးခန်း..
အောင်သပြေ
သင့်ဘုန်းတော်ကြီးကျောင်းတွေကို အလှဆင်တော့မယ်ဆိုရင်
၅% မှ ၁၀% ထိ(၆-၃-၂၀၀၄)မှ(၁၂-၄-၂၀၀၄)နေ့အတွင်း
ဒီဆိုင်တွေမှာဝယ်ကြမို့
Sales Supervisor
Salesman
Myanmar Indobest Co., Ltd.
Sales Supervisior
Salesman/Girls
Sales Promoter
Sinoda Manufacturing Co., Ltd.

"ထဲခေါ်ရောလိုက်ဘူး ...... ဖဲ့နိုက်ရောလိုက်ဘူး"
(၆) နှစ်မြောက် ငွေးငွေ့အထူးအစီအစဉ်
၂၀၀၄ ခုနှစ် မတ်လ (၁) ရက် မှ ဧပြီလ (၃၀) ရက် ထိ



အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)
အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့်
အားကစားလေ့ကျင့်ရေးသင်တန်း
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ကျိုက္ကဆံကွင်း)နှင့်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေးမြို့)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများကိုတက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၆-၂၀၀၄)တွင် အခြေခံပညာအလယ်တန်းအတွက် အသက် (၁၅)နှစ်ထက် မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက် (၁၇)နှစ်ထက်မကြီးသူဖြစ်ရမည်။ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်း တက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှဒသမတန်းအထိ ပညာသင်ကြားပေးမည်ဖြစ်ပါသည်။

(ဂ) အားကစားလေ့ကျင့်ရေး သင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစားလေ့ကျင့်ရေး သီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍ (၁-၆-၂၀၀၄) တွင် အသက် (၁၆)နှစ်မှ (၂၀)နှစ်အတွင်းရှိသူ၊ အနည်းဆုံး အရပ် ၅ပေ၊ ၆လက်မနှင့်ကိုယ်အလေးချိန် ၁၁၀ပေါင်ရှိသူ၊ အနည်းဆုံးသက်တန်းအလိုက် ပြည်နယ်၊ တိုင်းအဆင့်ထိ ကစားဖူးသူများဖြစ်ရမည်။(အားကစားထူးချွန်လျှင် အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။)

၂။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)အတွက်

(က) လေ့ကျင့်ပေးမည့်- အားကစားနည်းများ	ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ သိုင်း၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း(၁၄)မျိုး၊ (လက်ဝှေ့မှအပ ကျား၊မ လျှောက်ထားနိုင်သည်)
(ခ) အကျုံးဝင်သောနေထိုင်ရာ- ပြည်နယ်နှင့်တိုင်းများ	ကယား၊ကရင်၊တနင်္သာရီ၊ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့်ဧရာဝတီ

မှတ်ချက်။ ။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့် သင်ကြားပေးခြင်း မရှိသောမြားပစ်၊ရေကူး၊ကြက်တောင်၊ဂျူဒို၊ တိုက်ကွမ်ဒို၊ သိုင်းအားကစားနည်း ခြောက်မျိုးအတွက် ပြည်နယ်၊တိုင်းအားလုံးမှ လျှောက်ထားနိုင်ပါသည်။

၃။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွက်

(က) လေ့ကျင့်ပေးမည့်- အားကစားနည်းများ	ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း ရှစ်မျိုး (လက်ဝှေ့မှအပ ကျား၊ မ လျှောက်ထားနိုင်သည်။)
(ခ) အကျုံးဝင်သောနေထိုင်ရာ- ပြည်နယ်နှင့်တိုင်းများ	ကချင်၊ချင်း၊စစ်ကိုင်း၊ မကွေး၊ (မန္တလေး၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)

၄။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခြင်းခံရပါက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး၊ အားကစားလေ့ကျင့်ရေး၊ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရေး၊ အပန်းဖြေမှုနှင့် လစဉ်ထောက်ပံ့ကြေးငွေများကို နိုင်ငံတော်မှစီစဉ်ပေးမည်။

၅။ လျှောက်ထားသည့် အားကစားနည်းအလိုက် လိုအပ်သည့်အရပ်အမောင်းနှင့် ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်အချိုးအစား ကိုက်ညီသူများကို ဦးစားပေးရွေးချယ်မည်။

၆။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက် (၅)ရပ်(ကျား/မ မီတာ (၁၀၀) အပြေး၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ (၈၀၀)၊မမီတာ (၄၀၀) အပြေး)ကို လျှောက်ထားသူတိုင်းစစ်ဆေးခံယူပြီး သတ်မှတ်အဆင့်မီသူများသာ ရွေးချယ်ခြင်းခံကြရမည်။

၇။ သင်တန်းသည် ရေရှည်အစီအစဉ်ဖြစ်သဖြင့် ရွေးချယ်ခံရသူသည် သတ်မှတ်ကာလပြီးဆုံးသည်အထိ တစ်ဆက်တည်း တက်ရောက်နိုင်သူဖြစ်ရမည့်အပြင် သတ်မှတ်ကာလအတွင်း အားကစားအရည်အချင်း တိုးတက်မှုမရှိ၊ ကြိုးစားအားထုတ်မှုမရှိ၊ စည်းကမ်းလိုက်နာမှုမရှိလျှင် သင်တန်းမှရပ်စဲခြင်းခံရမည်။

၈။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၉။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊မန္တလေး) များမှ ကျန်းမာရေးဆေးစစ်ဆေးမှု မအောင်မြင်ခြင်း၊အားကစားတိုးတက်မှု အဆင့်မမီခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ပြန်လည်စေလွှတ်ခြင်းခံရပြီးသူများ လျှောက်ထားရန် မလိုပါ။

၁၀။ လျှောက်လွှာနှင့်အတူ-

(က) အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက်

(ကက) ပညာအရည်အချင်းနှင့်အသက်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ (အထောက်အထားမပြည့်စုံပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)

(ခခ) အားကစားထူးချွန်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ၏ ထောက်ခံစာနှင့်အတူ သင်တန်းဝင်ခွင့် လျှောက်လွှာ ပုံစံများအားဖြည့်စွက်၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း အား/ကာ ဦးစီးဌာနရုံးများသို့ ၂၀၀၄ခုနှစ်၊မတ်လ၂၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပေးပို့ရမည်။

(ခ) အားကစားလေ့ကျင့်ရေးသင်တန်းအတွက်-

(ကက) အသက်အတွက် မွေးစာရင်း/အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားများပြသနိုင်ရမည်။

(ခခ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) တယ်လီဖုန်းအမှတ်-၅၅၄၇၂၁၊ ၅၅၄၂၃၂ နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် အ/၆၅၄၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကညန အနောက် ပိုင်း ခရိုင်ရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး
ကိုဒ်ဥပဒေအမိန့် ၅၊
နည်းဥပဒေ ၂၀
ချောင်းဆုံမြို့နယ်တရားရုံး
၂၀၀၄ ခုနှစ်
တရားမကြီးမှုအမှတ် ၁

ဒေါ်စောတင်
တရားလို
နှင့်
ဒေါ်အေးခင်ပါ(၉)
တရားပြိုင်များ

၁။ ဒေါ်မြရှင် အမှတ် ၁၁(ပထမထပ်)၊ တိုက် ၁၁၊ အောင်စည်မြေသာယာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂။ ဦးရွှေ တော်လတက်ကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၃။ မလှမြင့် ရပ်ကွက်(၂)၊ ရွာလွတ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၄။ မငွေသိန်း တော်လတက်ကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

တရားလိုက သင့်တို့ (အပေါ်၌ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၁၂ ရက် (၁၃၆၅ ခုနှစ် တပေါင်းလဆုတ် ၇ရက်)နေ့ မွန်းမတည့်မီနံနက် ၁၀နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်အောင်
ဒုတိယမြို့နယ်တရားသူကြီး
ချောင်းဆုံမြို့။

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည် (အထောင်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်နေ (ကျောင်းဆရာကြီး ဦးဘိုးသာ-ဒေါ်စောမြင့်)တို့၏သမီး၊ ဒေါ်ညွန့်ညွန့်၊ (ဗိုလ်မှူးကြီးတင်ထွဋ်)-ဒေါ်ရီရီစံတို့၏အစ်မကြီး၊ (အရာခံဗိုလ်ကျော်လှ)၏ဇနီး၊ ဒေါ်ခင်သက်ထား(ခ)ဒေါ်နီလာ၏မိခင်သည် အမှတ် ၁၆၊ ကံ့ကော်မြိုင်လမ်းသွယ်-၂၊ ပါရမီ၊ ရန်ကင်းမြို့နယ် နေအိမ်၌ ၇-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၀၄ရက်(စနေနေ့)နံနက် ၇ နာရီမှ ၉ နာရီအထိ အမှတ် ၁၆၊ ကံ့ကော်မြိုင်လမ်းသွယ်-၂၊ ပါရမီ၊ ရန်ကင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးထွန်းကျော် (ငြိမ်း)
(အုတ်ဖိုမြို့)
အသက်(၇၈)နှစ်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နေ(ဦးဘိုးရ-ဒေါ်မမကြီး)တို့၏သား၊ (ဦးသာအော-ဒေါ်တင့်)တို့၏သားသမက်၊ ဦးမြသန်း-ဒေါ်ခင်ခင်တို့၏ညီ၊ ဦးသိန်းအေး-ဒေါ်အေးမိ၊ ဦးစံရွှေ- ဒေါ်သန်းသန်းယဉ်တို့၏အစ်ကို၊ ဦးအောင်ကျော်လင်း (Air Mandalay)-ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မအိဟေမာန်ကျော်၊ မောင်နန္ဒအောင်ကျော်(အထက၊ သုဝဏ္ဏ)တို့၏ဘိုးဘိုးကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက် ၁၀၊ အခန်း ၂၁ နေ ဒေါ်တင်လှ၏ခင်ပွန်းသည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အလုပ်သမားဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (ဆေးရုံမှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာဝေဖုန်း
(ဆမ-၁၆၈၆၉) M.B.,B.S (Ygn)
မြို့နယ်ခွဲဆရာဝန် (ရေနံ့ချောင်းမြို့နယ်ခွဲ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ရွှေနှင်းဆီလမ်း၊ အမှတ် ၁၀၂၈၊ ယခင်ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ် ၂၆ နေ ဦးထွန်းဝေ(လက်ထောက်အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်အေးကျင်တို့၏သားထွေး၊ ဦးဝေအောင်(Sunfoco)၊ ဦးမျိုးလွင်အောင်(C/E-Bay Point Mariting)-ဒေါ်ဝေဝေသန်း၊ ဦးဝင်းနိုင်ထွေး-ဒေါ်ဝေဝေမိုး(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးဝေမောင်-ဒေါ်စိုးသီတာလှိုင်တို့၏ညီ/မောင်၊ မမျိုးမျိုးခွာညိုဇင်(အထက-၂၊ လသာ)၊ မမေမြတ်မိုးထွေး(TTC)၊ မယဉ်မြတ်မိုးထွေး၊ ဖိုးလူအေးတို့၏ဦးလေးသည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်ညွန့်
အသက်(၇၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန ရဲမှူးဘုန်းကြွယ်(ဝန်ကြီး၏ဦးစီးအရာရှိ)၏မိခင်သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)။

ဒေါ်အေးတင်
(ခရမ်း၊တောင်ငူ၊ပဲခူးမြို့)
အသက်(၇၈)နှစ်

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏သမီး၊ ခရမ်းမြို့၊ ကန္တားလမ်း၊ (သမာဓိမြို့ဝန် ဦးမြို့-ဒေါ်သန်းရှင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့၊တိုက် ၂၇၊ အခန်း ၃၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ခရမ်းမြို့၊ ကံကောင်းရွာသစ်နေ ဒေါ်အေးကြွယ်၊ ဒေါ်ခင်လှ၊ ဦးတင်ရွှေ၊ ဦးမြင့်ဆွေ၊ ပဲခူးမြို့၊ မြို့သစ်နေ ဒေါ်ခင်သိန်းတို့၏အစ်မကြီးသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဦးမြင့်ဆွေ (ဝါးခယ်မ)
နည်းပြ(ငြိမ်း)၊စက်၊ပြင်၊ထိန်းကျောင်း၊ အောင်ဆန်းမြို့
အသက်(၆၄)နှစ်

ဝါးခယ်မမြို့နေ (ဦးပြန့်-ဒေါ်မမကြီး)တို့၏သား၊ မိတ္ထီလာမြို့နေ(ဦးသိန်းညွှန့်)-ဒေါ်သန်းမြင့်တို့၏သားသမက်၊ အမှတ် ၄၂/၁၁၃၂၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ ဒေါ်ခင်ဝင်းညွန့်၏ခင်ပွန်း၊ ဦးရဲထွဋ်ဦး (အဖွဲ့စုမှူး၊ လယ်/ဆည်ဝန်ကြီးရုံး)-ဒေါ်ခင်ခင်လှ၊ဦးအောင်သူရ (U.M.T)-ဒေါ်ချိုချိုစန်း၊ ဦးထွန်းဝဏ္ဏ (စံနရီနာရီဆိုင်)-ဒေါ်ဥမ္မာတင်၊ဦးနေဝင်းထွန်း၊ဦးစည်သူအောင်၊ဒုရဲအုပ်ကျော်သူရ (အောင်လံ)-ဒေါ်ဥဥခင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၃း၁၄ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ပြည့်ဖြိုးဝေ(ခ) သားသားကြီး
B.A(A.G.T.I)MT, B.Sc(Phy)
စိန်ဝတ်မှုန်ကုမ္ပဏီ (တောင်ကြီးမြို့)
အသက်(၂၃)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းနေ ဦးတင်ဦး (ပထမတန်း၊ ဓာတ်ခွဲမှူး)-ဒေါ်ဝင်း(သူနာပြုဆရာမ)တို့၏ တစ်ဦးတည်းသောသားသည် ၅-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့် (Anna)
ကျောင်းဆရာမ
အထက(၇)ကြည့်မြင်တိုင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်စိန်-ဒေါ်ညွန့်ညွန့်တို့၏သမီး၊ ဒေါ်တင်တင်ဝေ-(ဦးတင်ဦး)တို့၏ညီမ၊ (ဦးတင်ရှိန်)-ဒေါ်မြမြခက်တို့၏အစ်မ၊ မောင်သူရမြင့်၊ မသိမ်းသိမ်းဝင်း၊ မောင်ထိန်ဝင်းအောင်၊ မသက်ထားနွယ်၊ မနှင်းမိုးခိုင်၊ မထက်စုမြတ်နွယ်၊ မထရီဇာတို့၏ ဘွားမာမီသည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးတစ်စု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအုန်းကျော်
ဒုတိယညွှန်ကြားရေးမှူးချုပ်
(မိုး/ဇလ၊ ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ခြံအမှတ် ၃၊ အောင်မင်္ဂလာလမ်းနေ ဦးသာဒွန်း၊ဦး-(ဒေါ်ကြည်)တို့၏သား၊ (ဒေါက်တာဦးကြွယ်-ဒေါ်အေးကြူ)တို့၏ သားသမက်၊ (ဦးကျော်ရှိန်-ဒေါ်သာခု)၊ (ဒေါ်ခင်ဆွေ)၊ ဒေါ်မြထွေးတို့၏ တူသား၊ ဒေါ်မြမြ၏ခင်ပွန်း၊ မအိအိကျော်၊ ဒေါက်တာစည်သူဝင်း-ဒေါက်တာခိုင်ခိုင်ကျော်တို့၏ဖခင်၊ မောင်ငြိမ်းချမ်းစည်သူဝင်း၏အဘိုးသည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။

၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စပြုံးချို (ကော့သောင်းမြို့)
အသက်(၄၃)နှစ်

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝန်ကွက်သစ်၊ အမှတ် ၃၇၅(အေ)နေ ဆရာမဒေါ်ခင်မူ(Sweet Home Tutuition)၏ခင်ပွန်း၊ဦးတင်ညွန့်-ဒေါ်စန်း(ကျုံရှ)တို့၏သား၊ ဦးတိုးလှိုင်-ဒေါ်ခင်အေး(မြိတ်)တို့၏ သားသမက်၊ နန်းအေးစတာ၏မောင်၊ စထွန်းလွင်၊ စထွန်းကျင်၊ နန်းကျင်ဌေးရီ၊ နန်းမိုးမိုး၊ နန်းသန္တာထွေးတို့၏အစ်ကို၊ နော်ထူးလာပိုး၏ဖခင်သည် ၁၀-၂-၂၀၀၄ရက် ည ၁၀း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရွှေမင်းဝန်ဗဟိုလမ်းနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရွှေပြည်သာ နှစ်ခြင်းခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဂူသွင်းပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး ထွန်းကျော် (ငြိမ်း)
အသက်(၇၈)နှစ်

အုတ်ဖိုမြို့နေ (ဦးဘိုးရ-ဒေါ်မမကြီး) တို့၏သား၊ (ဦးသာအော-ဒေါ်တင့်) တို့၏ သားသမက်၊ အသင်းနာယက ဦးမြသန်း၏ညီ၊ အသင်းဝင် ဦးသိန်းအေး၊ ဦးစံရွှေတို့၏အစ်ကို၊ အသင်းဝင် ဒေါ်တင်လှ၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးထွန်းကျော်(ငြိမ်း)သည် ၉-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အလုပ်သမားဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လထော်နန်ဂရောင်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁)ဇန်းမော်မြို့
အသက်(၇၄)နှစ်

ဇန်းမော်မြို့နယ်၊ အင်ဘာပါရွာနေ (ဆရာကြီး ဒူဝါလထော်ဇော်ဆိုင်း-ဒေါ်ဒမောင်ရွယ်)တို့၏သမီးကြီး၊ (ဦးမခါနော်-ဒေါ်လဖိုင်ကော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရစ်လမ်း၊ အမှတ် ၁၆ နေ ဦးမခါကမ်ထွဲ (စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဝွမ်ဂျာ-ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်းလုံ-(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ်-(ဦးဘုန်းအောင်နော်)တို့၏ အစ်မကြီး၊ ဒေါ်ခေါန်ရာ (ဒု-ညွှန်မှူး၊ ဆည်မြောင်းရုံးချုပ်) - ဦးလဘန်ရှိန်ရစ် (လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွယ်တောင် - Mr. Yuji Kinoshita၊ ဦးနူးလာ-ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(ခ)Nu Nu၊ ဗိုလ်ကြီးထုဆန် (သားဖွား/မီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)၊ ဦးနော်တောင်-ဒေါ်ထုဆိုင်း၊ဦးလဒိန်-ဒေါ်မရန်ဂျာဆိုင်းတို့၏မိခင်၊ မောင်ဘလန်ဘရန်မိုင် (TTC ရန်ကင်း)၊ မဆိုင်းဆန့်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁း၄၅ နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ဝင်း (Bosun)
Uniteam Marine
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၅၊ မြို့မ ၁၁ လမ်း၊ (၄)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးလှဒင်-ဒေါ်ခင်မေ)တို့၏ သား၊ (ဦးတင်စော)-ဒေါ်လှကြည်တို့၏သားသမက်၊ ဦးတင်အောင်(စက်ရုံမှူး၊ ရေရောကတ္တရာစက်ရုံ) - ဒေါ်ကြည်ကြည်လှဲ့၊ ဒေါ်တင်တင်အေးတို့၏မောင်၊ ဒေါ်ယုယုဆွေ၏ခင်ပွန်း၊ မောင်မင်းသီဟ-မကလျာ၊ မောင်နိုင်အောင်-မခင်ပိုပိုဝင်း၊ မခင်ဇေပရယ်ဦး၊ မောင်ချစ်ကိုကိုဦးတို့၏ဖခင်သည် ၉-၃-၂၀၀၄ရက် နံနက် ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင်
(ခရမ်း၊တောင်ငူ၊ပဲခူးမြို့)
အသက်(၇၈)နှစ်

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်သက်နှင်း)တို့၏သမီး၊ ခရမ်းမြို့၊ ကန္တားလမ်း၊ (သမာဓိမြို့ဝန် ဦးမြို့-ဒေါ်သန်းရှင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့၊တိုက် ၂၇၊ အခန်း ၃၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးသန်းညွန့်(ငြိမ်း)-ဒေါ်မြမြဆွေ၊ ဦးတင်လှိုင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)-ဒေါ်သန်းသန်းလွင်၊ ဦးဇော်မိုး-ဒေါ်သီ၊ ဗိုလ်မှူးအုန်းဆွေ(ငြိမ်း)(ဒုအထွေထွေမန်နေဂျာ မွေး/ရေ ဘဏ်၊ သံတွဲ)-ဒေါ်နီလာချစ်၊ ဒေါ်ပုလဲတင်(ပဲခူးတိုင်း သမဦးစီး)၊ ဦးထွန်းထွန်းဦး-ဒေါ်နီလာတင် (အထက-၂၊ ခရမ်း)၊ ဗိုလ်မှူးထွန်းအေး(ယာယီတပ်ရင်းမှူး)-ဗိုလ်ကြီးဥမ္မာတင် (တပ်မတော် ဆေးရုံကြီး၊ မင်္ဂလာဒုံ)၊ မတင်တင်အောင်(ပဲခူးတိုင်း၊ သ/မဦးစီး)တို့၏မိခင်၊မြေး ၂၄ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော် ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော် နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်ဇင်စိမ်း(ခ) ကိုကျော်ကျော်
(အိမ်မဲ-မြောင်းမြ)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင်(လမ်းသစ်)လမ်းနေ (ဦးဟုတ်စိမ်း)-ဒေါ်မြင့်ကြည်တို့၏ သားကြီး၊ ဦးစိုးအောင်-ဒေါ်ယုယုစိမ်းတို့၏ ညီ/မောင်၊ ကိုအောင်ဇင်စိမ်း၊ ကိုသန့်ဇင်စိမ်း၊ မလတ်လတ်စိမ်း၊ ကိုကံထူးမောင်-မမြတ်မြတ်စိမ်းတို့၏အစ်ကို၊ တူ တူမ သုံးယောက်တို့၏ဘကြီးသည် အကယ်ဒမီအထူးကုဆေးခန်း၌ ၉-၃-၂၀၀၄ ရက် မွန်းလွဲ ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မောင်အောင်
B.Sc (Zool)
(စိုက်/မွေး စီမံ)
အသက်(၃၀)

ထောက်ကြန့်မြို့သစ်၊ တိုးချဲ့(၁) ရပ်ကွက်၊ အမှတ် ၃၂ နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း) မြန်မာ့လက်ရွေးစင်နှင့် တပ်မတော်လက်ရွေးစင် နည်းပြဆရာ(ငြိမ်း)-ဒေါ်စန်းမြတို့၏ သား၊ တကကဇော်မင်းဦး - ဒေါ်နီနီအောင်၊ တကက မောင်မောင်အေး (ဗိုလ်တထောင်) - ဒေါ်စီစီအောင် (မြို့တော်စည်ပင်၊ရေသန့်ဌာန)၊ တကက ကိုကိုအောင်-မဥမ္မာခိုင်(ပြည်)၊ မဝါဝါအောင် (ဒု/လဝကမှူး၊ ပုသိမ်ခရိုင်ရုံး)တို့၏ညီ/မောင်၊ တူ တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၉-၃-၂၀၀၄ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ထောက်ကြန့် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချင်ကောက်ဝါ
အသက်(၉၅)နှစ်

(ဦးဟောင်စိန်-ဒေါ်ပု)တို့၏ သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၄၂) ရပ်ကွက်၊ ပီမိုးနှင်း ၅ လမ်း၊ အမှတ် ၇၉၂ နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ကိုမျိုးကျော်-မသင်းသင်းမိုးတို့၏ဖခင်၊မကျော့ကေခိုင်၊ မပိုင်းနန္ဒာ၊ မအိဖြူဇင်၊ မောင်ပြည့်စုံအောင်တို့၏အဘိုးသည် ၈-၃-၂၀၀၄ရက် နံနက် ၆း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ကြည်
(ဝါးဘလောက်သောက်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၆၊ ၄၈ လမ်းနေ (ဦးပန်)၏ဇနီး၊ ဦးချစ်မောင် (ရွှေစင်မြန်မာတည်းခိုခန်း)၊ဒေါ်သန်းနွယ်၊ ဒေါ်ညွန့်ညွန့်၊ ဦးမောင်စိန်(ခ)ဦးစိန်ကြီး (ရွှေငွေထွန်းကားဘော်ဒီရုံ) ဒေါ်ခင်စန်းမြင့်၊ ဦးစိန်လေး (Aces Group Travel & Tours) - ဒေါ်မြင့်မြင့်ရီ၊ ဦးလှဌေး (Chief Officer Monsoon Company) (ဒေါက်တာဒေါ်ခိုင်ခိုင်ရွှေ)၊ ဒေါ်စီစီ (အထက-၄၊ ဗိုလ်တထောင်)တို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၇-၃-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မြိတ်အသင်း
ဦးစိုးလှိုင်(ခ)ဦးဟုတ်လှိုင်
အသင်းဝင်အမှတ်(၁၁၅၉)
အသက်(၇၃)နှစ်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ(ဦးအံနီ-ဒေါ်စု)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံ အဆင့်မြင့်အိမ်ရာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အဆောင်(စီ)၊ အခန်း ၂၀၉ နေ ဒေါ်မြရီ၏ခင်ပွန်းသည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဦးအုန်းလွင်
လသာမြို့နယ်အင်ဂျင်နီယာ(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကင်းမြို့နယ်၊ တိုက် ၁၀၉၊ အခန်း ၅၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်စောမေ)၊ (ဒေါ်စောရင်)တို့၏သား၊ ဒေါ်လှလေး၏ခင်ပွန်း၊ ဦးလှတင်-ဒေါ်မြကြည်စိန်တို့၏အစ်ကိုကြီး၊ ဒေါ်ကြည်ကြည်လွင်၊ ဒေါ်သန်းသန်းနု - ဦးဘုန်းမော် (မြန်မာ့ရေနံ)၊ ဦးလွင်လေး-ဒေါ်ဥမ္မာသိန်းတို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့)ည ၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မာမာဌေး
အထက(၅) ကမာရွတ်
ကျောင်းသူဟောင်း
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ဦးနီတွတ်-ဒေါ်စောတို့၏သမီးချွေးမ၊ ဦးကျော်ဦး-(ဒေါ်ခင်ဝင်း)တို့၏သမီး၊ ဦးအောင်သန်းတင့်-ဒေါ်ကျင်ပိုတို့၏တူမ၊ ဦးမြဝင်း-ဒေါ်ခင်ချိုမာတို့၏ညီမ၊ ဦးခင်သိန်း-ဒေါ်စန္ဒာထွေးတို့၏အစ်မ၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၀၊ အခန်း ၄၈ နေ ဦးမြင့်အောင်၏ဇနီး၊ မောင်ရာဇာထွန်း (တပ်မတော်-လေ)၊ မချိုနွယ်ငြိမ်း (အထက-၃၊ကမာရွတ်)တို့၏မိခင်သည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်တင်(ခ)ဦးထွန်းမြင့်
နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်
မော်ကွန်းဝင် ဒုတိယဆင့်
ဂျပန်ခေတ် မင်္ဂလာဒုံ
စတုတ္ထပတ် ဗိုလ်သင်တန်း
(R.T.C) ခပ(၉)လိုင်း၊
ဌာနခွဲမှူး(ငြိမ်း)
အသက်(၈၅)နှစ်

ကဝမြို့နယ်၊ သပြေကန်ကျေးရွာနေ (ဦးညွန့်-ဒေါ်စောညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တိုက် ၃၊ အခန်း ၄၊ ခွာညိုလမ်းသွယ်၊ သမိုင်းလမ်းဆုံနေ ဒေါ်စန်း၏ခင်ပွန်း၊ ဒေါ်တင်နွယ်ဦး (အမက-၁၆၊ မရမ်းကုန်း)၊ ကိုတင်မောင်ဦး-မနီလာဝင်း၊ ကိုတင်မောင်အေးတို့၏ဖခင်၊ မဆုဝေဖြိုး၏အဘိုးသည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့် (Anna)
ကျောင်းဆရာမ
အထက(၇)ကြည့်မြင်တိုင်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ မြသီတာလမ်းသွယ်၊ အမှတ် ၁၄ နေ ဦးတင်စိန်-ဒေါ်ညွန့်ညွန့်တို့၏ သမီး၊ (ဦးမြင့်အောင်)(ညွှန်ကြားရေးမှူးချုပ်၊ စက်မှု/လယ်ယာ)၏ဇနီး၊ ရဲမှူးဘုန်းကြွယ်(ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နွယ်နီဟန်ထွန်း၊ ဦးဘုန်းမြင့် (2nd Officer)-ဒေါ်ညွန့်ညွန့်ဝင်း၊ဦးဘိုဘို-ဒေါ်နှင်းနှင်းမြင့်၊ ဦးအောင်ခိုင်-ဒေါ်ညွန့်ရင်၊ ဒေါ်အေးအေးမွန်-ဦးကျော်မင်းသန်း(Chief Officer)၊ ဦးညီထွေး-ဒေါ်စောကလျာတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၉-၃-၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးမြိုင် (ဟင်္သာတမြို့)
အသက်(၆၀)

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်းဝလမ်း ၂၀၊ အမှတ် ၁၉၃ နေ (ဦးသိန်းထွန်း)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်စိုး၊ ဦးမြင့်ရှိန် (အမက-၂၊ တောင်ဥက္ကလာ)-ဒေါ်စောမြင့်၊ ဦးထွန်းရီ-ဒေါ်ခင်စန်းမြင့်တို့၏အစ်မ၊ ကိုလွင်ဦး-မသန်းသန်းဌေး၊ ကိုသိန်းဦး-မခင်အုံးမြင့်၊ကိုကြည်ဦး၊ကိုမြအောင်-မကြည်ကြည်မွန်၊ ကိုသိန်းဇော်ထွန်း၊ ကိုစိုးသူထွန်း၊ ကိုဝင့်သူထွန်းတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလေးလွင်(ခ)ဦးအေးချို
ဝိဇ္ဇာဘွဲ့(ပထဝီ)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် ၄၀ နေ ဦးကြင်ရွှေ-ဒေါ်လှစိန်တို့၏သား၊ မင်္ဂလာဒုံမြို့နယ်နေ တကက/စရ ထွန်းရွှေ-ဒေါ်လှမြင့်တို့၏သားသမက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ နတလဝန်ထမ်းအိမ်ရာနေ ဒေါ်ဌေးဌေးဝင်း (ဦးစီးအရာရှိ၊ နတလ) ၏ခင်ပွန်း၊ မောင်နိုင်လင်းထွဋ်၏ဖခင်သည် ၈-၃-၂၀၀၄ရက် (တနင်္လာနေ့) ည ၉း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေဘော်အောင်
(နတ်မြစ်) မောင်တောမြို့
အသက်(၉၇)နှစ်

ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်နေ (ဦးမောင်ထွန်း-ဒေါ်ကြိုင်ဇာဦး)တို့၏ သား၊ (ဒေါ်မြဝါ)၏ခင်ပွန်း၊ ဒေါ်ဘုမ၏မောင်၊ ဒေါ်စောနု၊ ဦးထွန်းစိုး၊ ဦးရွှေသိန်း၊ ဦးမောင်ညွန့်သာတို့၏ဖခင်သည် ၉-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၁၉၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်းနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်ခွေး
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၂၊ အောင်မင်္ဂလာလမ်း၊တာမွေမြို့နယ်နေ(ဦးထွန်းလှိုင်)၏ဇနီး၊ ဒေါက်တာဦးတင်ယု၊ ဦးလှဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၈-၃-၂၀၀၄ရက် နံနက် ၁၁း၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးလှတင်
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ ပရိယတ္တိမီးယားကောလိပ်ကျောင်းအုပ်ဆရာကြီး (ဦးစံရှိန်-ဒေါ်ကြည်)တို့၏သား၊ ရေကျော်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအောင်သိန်း)-ဒေါ်ငွေရှင်တို့၏တူ၊ ရေကျော်ရပ်၊ ဒေါနလမ်းနေ ဦးစိုးလွင်-ဒေါ်ခင်သန်းနွယ်၊ ကန်တော်လေးနေ ဦးဟန်စိန်-ဒေါ်တင်တင်ဝေ၊ (ဦးကျော်မြင့်)-ဒေါ်စောကြည်၊ (ဦးစိန်ဝင်း-ဒေါ်မြကြည်)၊ ဦးအုန်းကြိုင်-(ဒေါ်ယဉ်ယဉ်သန်း)တို့၏အစ်ကို၊ ပတ္တမြားမြို့သစ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၇၅ နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ (ဦးစိန်ထွန်းအောင်)-ဒေါ်လှမြင့် (သာသနာရေး)၊ ဦးမောင်မောင်လှ(ငွေစာရင်းရုံး)-ဒေါ်ဝါဝါမြင့်၊ ဦးမောင်မောင်မြ-ဒေါ်နွယ်နီသိန်း၊ ဦးအောင်ကြီး-ဒေါ်မြင့်မြင့်အေး (မန္တလေး)၊ ဦးဆန်းထူး-ဒေါ်မြင့်မြင့်ဆွေ (မြို့တော်စည်ပင်)၊ ဦးတင်အုန်း-ဒေါ်အေးအေးခိုင် (ရွှေမင်္ဂလာ အထည်ချုပ်စက်ရုံ)တို့၏ဖခင်၊ မြေး ၁၇ ယောက်တို့၏အဘိုးသည် ၉-၃-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လေး(ခ)ဦးလှပြုံး
(ညီနောင်သုံးဖော်တာယာဆိုင်)
အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဆုံကုံးရွာနေ(ဦးပုလဲ-ဒေါ်စိန်အေး)တို့၏သား၊ ဒေါ်သာမ၏မောင်၊မမော့၊ကိုတာ၊ မကိုင်းကြည်တို့၏အစ်ကို၊တာမွေမြို့နယ်နေ (ဦးဟုတ်စိန်)-ဒေါ်ခင်နွဲ့တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ဗဟိုလမ်း၊ အမှတ် ၁၀၄ နေ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ မောင်ကျော်သူရ၊ မလှလှဝင်း၊ မောင်အေးမင်းဇော်၊ မောင်မိုးဇော်အောင်၊ မောင်လှဌေးမောင်တို့၏ဖခင်သည် ၈-၃-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်အောင်ကျော်သူ
(ကြည့်မြင်တိုင်)
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၂၁ နေ (ဦးမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သား၊ ကိုစိန်ဝင်း၊မမြသီတာ၊ မခင်သီတာစိုးတို့၏ ညီ/မောင်၊ မဇာဇာမောင်၏အစ်ကိုသည် ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးတွင် ၈-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း။ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ကမ္ဘာတစ်လွှားထူးထူးခြားခြား

မျက်နှာအရေပြားမတွန့်စေရန် အလှပြုပြင်သူများပြားလာ

အပေါ်ပုံမှာ အမျိုးသမီးတစ်ဦး မျက်နှာ၌ အရေပြားတွန့်ခြင်းမရှိစေရန် ဘိုတောက်စ်ခေါ် ထိုးဆေးထိုးပြီး အလှပြုပြင်ခြင်းကို ခံယူနေပုံဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ထိုကဲ့သို့ အလှပြင်ခြင်းကို ခံယူသည့် အမျိုးသမီးအရေအတွက်သည် လွန်ခဲ့သောနှစ်၌ ၃၂ ရာခိုင်နှုန်းမျှ မြင့်တက်ခဲ့ပြီး ၈ ဒသမ ၇ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာဂြိုဟ်အနီးရောက်လာခဲ့သော ဂျူပီတာဂြိုဟ် (ကြာသပတေးဂြိုဟ်)

အောက်ပုံမှာ ယခုသီတင်းပတ်၌ ကမ္ဘာဂြိုဟ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာသော ဂျူပီတာဂြိုဟ်(ကြာသပတေးဂြိုဟ်)ကို တွေ့ရပုံဖြစ်သည်။

ဂျူပီတာဂြိုဟ်သည် လွန်ခဲ့သည့်နှစ်သြဂုတ်လထဲ၌ ကမ္ဘာဂြိုဟ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာခဲ့သော အင်္ဂါဂြိုဟ်နှင့် ၂၀၀၃ ခုနှစ်ကုန်ပိုင်း၌ ကမ္ဘာဂြိုဟ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာခဲ့သော စနေဂြိုဟ်တို့ပြီးလျှင် တတိယမြောက်ဂြိုဟ်ဖြစ်သည်။

(အင်တာနက်)



(၅၉)နှစ်မြောက်တပ်မတော်နေ့အကြို မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍများဖြင့် ဂုဏ်ပြုတင်ဆက်မည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင် (၅၉)နှစ်မြောက် တပ်မတော်နေ့ နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့ကြသူများ၊ ရရှိခဲ့သောလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြသည့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၊ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည့် တပ်မတော်သားများနှင့် တိုင်းရင်းသားပြည်သူများ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာကို ဆန်းသစ်သောအပြင်အဆင်ကဏ္ဍတို့ဖြင့် မတ်လ ၁၂ ရက်မှ စတင်၍ ဝေဝေဆာဆာ တင်ဆက်သွားမည် ဖြစ်ပါသည်။

ယင်းကဏ္ဍများတွင် နိုင်ငံတော်အကြီးအကဲ၏ အဆိုအမိန့်များ၊ ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းဆောင်းပါး၊ ဓာတ်ပုံစာမျက်နှာ၊ တွေ့ဆုံမေးမြန်းခန်း၊ သမိုင်းပုံရိပ်လွှာ၊ နိုင်ငံတော်တည်ဆောက်ရေး မြင်ကွင်းအဖုံဖုံနှင့် ကဗျာ၊ ကာတွန်းတို့ဖြင့် ထူးခြားလေးနက်စွာဖော်ပြသွားမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပရိသတ်အား ကြိုတင်သတင်းစကားပါးအပ်ပါသည်။

(မြန်မာ့အလင်း)

ရောဝတီတိုင်း ကြခင်းမြို့နယ်ရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်းတွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေသည့် ရေထိန်းမျှော်စင်ကို ခံ့ထည်စွာ တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)



ယနေ့ထုတ် မြန်မာ့အလင်း စောင်ရေ ၁၉၉၈၂၀

ဒေသဖွံ့ဖြိုးရေးသာမက နိုင်ငံ့စီးပွားရေးပါအထောက်အကူပြုမည့် ဧရာဝတီတိုင်းကြခင်းမြို့နယ်မှ ကွန်ချောင်း(၂)ရေလှောင်တမံစီမံကိန်း

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၉

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့နယ်အများစုသည် ယခင်ကာလက ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်။ ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲက အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံ၏ အခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းညွှန်ခဲ့ရာ ဧရာဝတီတိုင်း ကြခင်းမြို့နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ကွန်ချောင်းတမံစတင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေးနှင့် ကြခင်းမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် ရေလှောင်တမံ တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၁၀ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ကြခင်းမြို့နယ်အတွင်းရှိ ပရင်းချောင်း၊ ကွန်ချောင်းနှင့် အလုံ(မြောက်) ရေလှောင်တမံတည်ဆောက်နိုင်မည့်နေရာများသို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ကြပြီး ကွန်ချောင်းရေလှောင်တမံစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁



ဧရာဝတီတိုင်း ကြခင်းမြို့နယ်ရှိ ကွန်ချောင်း(၂) ရေလှောင်တမံစီမံကိန်း၏ ရေပိုလွှဲ တည်ဆောက်ထားမှု မြင်ကွင်းကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)